သတိပဋ္ဌာန် ဘဖွဲလုံးဆိုင်ရာ

စည်းမျဉ်း - ဥပဒေများ

ဤစည်းမျဉ်းဥပဒေ စာအုပ်ရေ ၁၀၀၀ ကို
၁၃၃၁-ခု၊ နတ္တော်လဆန်း ၁၂-ရက်
[၂၁-၁၂-၆၉] နေ့၌
ကျင်းပသော
အကြိမ် ၂၀-မြောက်
ဩဝါဒခံယူ ပူဇော်ပွဲ၌
ဗုဒ္ဓသာသနာ နဂ္ဂဟာအဖွဲ့ချုပ်
[ယောဂီထောက်ပံ့စောင့်ရှောက်ရေးရုံးပုံဋ္ဌေ] က
ဓမ္မဒါန ပြုပါသည်။

MHS0000039

မဟာစည်သာသနဥ္စရိပ်သာ
မှတ်တမ်းဌာနစိုက်

ဗုဒ္ဓသာသနာနဂ္ဂဟာအဖွဲ့ချုပ်
အမှတ်(၁၆)သာသနာ့ရိပ်သာလမ်းဗဟန်း

ဗဟာစည်

သတိပဋ္ဌာန် ဘဖွဲ့လုံးဆိုင်ရာ

စည်းမျဉ်း - ဥပဒေများ

ဤစည်းမျဉ်းဥပဒေ စာအုပ်ရေ ၁၀၀၀ ကို
၁၃၃၁-ခု၊ နတ်တော်လဆန်း ၁၂-ရက်
[၂၁-၁၂-၆၉] နေ့၌
ကျင်းပသော
အကြိမ် ၂၀-မြောက်
သြဝါဒခံယူ ပူဇော်ပွဲ၌
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
[ယောဂီထောက်ပံ့စောင့်ရှောက်ရေးရုံပုံငွေ]က
ဓမ္မဒါန ပြုပါသည်။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၃၆၇၃)

ထုတ်ဝေသူ။ ဦးအောင်မြင့် [၀၇၉၉] ဗုဒ္ဓသာသနာ
နှင့်ဟ အဖွဲ့၊ ၁၆ - ဟာ မစ် တိတ် လမ်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ။ ဦးစိန်လင်း မှတ်ပုံတင်အမှတ် [၀၇၂၀]
ရတနာသီရိစာပုံနှိပ်တိုက် အမှတ်-၁၀/၉၄၉
လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ဒုတိယအကြိမ်

အုပ်ရေ - ၁၀၀၀ (တစ်ထောင်)

စမ္မဒါနပြုရန်

၁၃၃၁ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃-ရက်။
ပုံနှိပ်ခြင်းသည်။
၂၇-၁၁-၆၉

ဓာတိကာ

ဦးရေ အကြောင်းအရာ မျက်နှာနံပါတ်

၁။ နိဒါန်း (က)

၂။ စည်းမျဉ်းမရှိလျှင် သာသနာ အရှည်မတည်နိုင် (ခ)

၃။ စည်းမျဉ်းခိုင်ခံ့မှု သာသနာအရှည်တည်တံ့သည်.... (ဂ)

၄။ သာသနာ အရှည်တည်စေလို၍ ဝိနည်းစည်းမျဉ်း
တောင်းပန်ရသည် .... (ဃ)

၅။ မဟာစည်ဆရာတော်၏ ဩဝါဒကထာ.... (ဃ)

၆။ ပဌမပလ္လင်ခံစကား .... (ဂ)

၇။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များအတွက်
စည်းမျဉ်းဥပဒေများ .... (၁၀)

၈။ ကမ္မဋ္ဌာနာစရိယ ဥပါသကာများ အတွက်
စည်းမျဉ်းဥပဒေများ .... (၂၁)

မာတိကာ

ဦးရေ အကြောင်းအရာ မျက်နှာနံပါတ်

၉။ ယောဂီရဟန်းတော်များအတွက်
စည်းမျဉ်းဥပဒေများ .... (၂၀)

၁၀။ ယောဂီ ဥပါသကာ ဥပါသိကာမများအတွက်
စည်းမျဉ်းဥပဒေများ .... (၃၃)

၁၁။ (က) ကမ္မဋ္ဌာန်းဌာနဆိုင်ရာ စည်းမျဉ်းဥပဒေများ (၃၆)

၁၂။ (ခ) ရဟန်းတော်များအတွက် ဌာနဆိုင်ရာ
သီးခြားဥပဒေများ .... (၃၉)

နမော ဗုဒ္ဓဿ ဝိနယ ပညာပကဿ တံ ဝဏ္ဏဝါဒိနော။

မည်သည့်လုပ်ငန်းမဆို အမျှားနှင့်သက်ဆိုင်လျှင် စည်းမျဉ်းလည်း ရှိရမည်၊ ထိုစည်းမျဉ်းကိုလည်း ရှိသေရမည်၊ သို့မှသာလျှင် ထိုလုပ်ငန်းသည် အပြစ်ကင်း၍ သန့်ရှင်း စင်ကြယ်နိုင်သည်။ အရှည်လည်း တည်တံ့ထွန်းကား ကြီးပွားသွားနိုင်ပေသည်။ စည်းမျဉ်းမရှိလျှင် သို့မဟုတ် စည်းမျဉ်းကို မရှိသေလျှင်ကား အပြစ်များစွာ ဖြစ်ပေါ်လာပြီးလျှင် မကြာမီပင် ပုဂ်စိဒ်းဘွဲ့းတတပေသည်။

သို့ဖြစ်၍ လောကရေးရာတွင် ကြီးကျယ်သော လုပ်ငန်းဟူသမျှမှာ စည်းမျဉ်းများကို ထားကြသည့်အပြင် စည်းကမ်းသေဝပ်သော လူဘော် လူကောင်းများကိုလည်း တာဝန်ဆောင်အဖြစ် ဖြင့် ရွေးချယ်၍ ခန့်ထားကြပေသည်။ ဤသို့ ခန့်ထားကြရာတွင် စည်းမျဉ်းနှင့် တာဝန်ဆောင်ပုဂ္ဂိုလ် ၂-မျိုးလုံးကကောင်းလေလေ လုပ်ငန်းမှာ ကြီးပွားလေလေ ဖြစ်ပေသည်။

ဤစည်းမျဉ်းကောင်း, တာဝန်ဆောင် ပုဂ္ဂိုလ်ကောင်းများမှာ လောကရေးရာ၌သာ လိုသည်မဟုတ်သေး၊ လောကမှထွက်မြောက်ရေးဖြစ်သော ဗုဒ္ဓသာသနာတော်ကြီး၌လည်း နည်းတူ

နိဒါန်း

ပင် လိုလျက်ရှိပေသည်။ ဤ ၂-မျိုးတို့တွင် စည်းမျဉ်းကောင်း ရှိပါမှ စည်းမျဉ်းကိုရိုသေသော် တာဝန်ဆောင် ပုဂ္ဂိုလ်ကောင်း လည်း ပေါ်လာနိုင်ပေသည်။ စည်းမျဉ်းမျပင် မရှိလျှင်ကား စည်းမျဉ်းကိုရိုသေသူ တာဝန်ဆောင်ပုဂ္ဂိုလ်ကောင်း အာဘယ်မှာ ပေါ်လာနိုင်ပါတော့အံ့နည်း။ ဤအရာ၌ ဝိပဿီ, သိခီ, ဝေဿဘူ, ဟူသောဘုရား၌ (၃)ဆူတို့သည် ရဟန်းတော်များ၏ စည်းမျဉ်း ဖြစ်သော ဝိနည်းကို ပညတ်တော်မမူခဲ့သောကြောင့် သာသနာ့ ဝန်ဆောင် ပုဂ္ဂိုလ်ကောင်းများ မပေါ်လာနိုင်သဖြင့် ထိုဘုရား ရှင်တို့၏ သာသနာတော်သည် ကြာရှည်စွာမတည်တံ့ဘဲ လျင်မြန် စွာ ကွယ်ပျောက်သည်ဟု မိန့်ဆိုထားသော ဘုရားစကားတော်ကို ဤဝါကျဖြင့် သင့်ပေသည်။

စည်းမျဉ်းမရှိလျှင် သာသနာ အရှည်မတည်နိုင်

အဘက်ပါ ထောက်ထားဘွယ်ကို အနည်းငယ်ခဲ့၍ပြရလျှင် ဤ ၃-ဆူသော ဘုရားရှင်တို့သည် ထိုခေတ်အခါက ဝေနေယျ တို့၏ အဖျာသယအားလျော်စွာ သုတ္တ ဂေယျစသောတရားတော် ကိုလည်း ကျယ်ပြန့်စွာ မဟာမှုရှိ အကျဉ်းမျှသာ ဟောတော် မူကုန်၏။ ဝိနည်းကိုလည်း ကျယ်ပြန့်စွာ ပညတ်တော်မမူကုန်။ သို့ဝါဒပါတိမောက်မျှကိုသာ ဟောပြတော်မူကုန်၏။ ထို့ကြောင့် ထိုဘုရားရှင်တို့နှင့်တကွ အနုဗုဒ္ဓဖြစ်သော ဘုရားတပည့် သာဝက ကြီးများ ကွယ်လွန်တော်မူသွားကြပြီးသော နောက်ကာလ၌ ထိုဘုရားရှင်တို့ ပြုစုပျိုးထောင်ထားခဲ့သော သာသနာတော်မြတ် ကြီးများသည် ဆရာတပည့် ၂-ဆက်၊ ၃-ဆက်မျှဖြင့် ကွယ်ပျောက်ကြလေတော့၏။

ကွယ်ပရပုံမှာ-ထိုစဉ်အခါများဌ် သာသနာတော်သို့ဝင်ရောက်လာကြသော ပုဂ္ဂိုလ်များမှာ လူမျိုးတမျိုးထည်းလည်းမဟုတ်ကြ၊ ဇာတ်အနွယ်အားဖြင့်လည်း မတူကြ၊ ဤသို့ အမျိုးဇာတ်အနွယ် မတူကြလျှင် အယူအဆ အတွေးအခေါ်များလည်းကဲ့ပြားလျက် ရှိကြပေမည်။ သို့ဖြစ်၍ ထိုနောက်ဆက်တဲ့ ရဟန်းတို့သည် မိုဠ်ဖြမ်းပြုစရာ ဓမ္မဝိနယ အာကျယ်များကလည်း မရှိသည့်အတွက် မိမိတို့ထင်သလို ယူဆကြ ကျင့်ကြံကြ ဟောပြောကြမည်မှာ ယုံမှားဘွယ်မရှိပေ။ ထိုစဉ်အခါတွင် မည်သို့ပင်မှားယွင်းစွာ ကျင့်ကြံ ပြောဟောနေစေကာမူ ဝိနည်းစည်းမျဉ်းနှင့်တကွ သုတ္တ ဂေယျစသော တရားတော်ကလည်း ကျယ်ကျယ်ပြန့်ပြန့်မရှိသဖြင့် အခြားပုဂ္ဂိုလ်များကလည်း ဆုံးမပြုပြင်နိုင်မည်မဟုတ်ပေ။ဝို့ကြောင့် ထိုနောက်ဆက်တဲ့ရဟန်းတော်တို့သည် ထင်ရာကို ပြောဟော ကျင့်ကြံကြလျက် ထိုဘုရားရှင်တို့၏ မွန်မြတ်လှစွာသော သာသနာတော်ကို သူတို့၏ လက်ထက်မှာပင် ကွယ်ပစေကြကုန်၏။ဖျောက်ဖျက်ပစ်လိုက်ကြကုန်၏။ ဇို့ကြောင့်....တေ တံ ဖြဟ္မဝရိယံ ဒိပ္ပညော အန္တရဓာပေသုံ - ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူပေသည်။ ။(ဓမ္မသံဂဏိ ဖြစ်ဘွယ်ပေတည်း။ ဤနောက်ဝိတ်ဆုံးသာဝကမျိုး မဖြစ်စေရန် သတိပြုသင့်လှပေ၏)

စည်းမျဉ်းခိုင်ခံ့မှု သာသနာ အရှည်တည်တံ့သည်

ကကုသန်, ကောဏာဂုံ, ကဿပ, ဟူသော ဤဘုရားရှင် ၃-ဆူတို့၏ သာသနာတော်သည်ကား စည်းမျဉ်းခိုင်ခံ့၍ ကြာရှည်စွာတည်တံ့သည်ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူပေသည်။

နိဒါန်း

အာနည်းငယ်ခဲ့၍ ဖေါ်ပြရလျှင် ဤ ၃-ဆူသော ဘုရားရှင်တို့သည် သုတ္တ ဂေယျစသော တရားတော်ကိုလည်း ကျယ်ပြန့်စွာ ဟောတော်မူကုန်၏။ ဝိနည်းကိုလည်း ကျယ်ပြန့်စွာပင် ပညတ်တော်မူကုန်၏။ ထို့ကြောင့် ထိုဘုရားရှင်တို့နှင့်တကွ အနုဗုဒ္ဓဖြစ်တော်မူကြသော ဘုရားတပည့်သာဝကကြီးများ ကွယ်လွန်သွားကြသော်လည်း နောက်နောက် တပည့်သာဝက အဆက်ဆက်တို့သည် ထိုဘုရားရှင်တို့၏ သာသနာတော်ကို ဆရာတပည့် အဆက်ဆက် ရှည်မြင့်စွာသောကာလပတ်လုံး အခြေမပျက် တည်တံ့သွားအောင် စောင့်ရှောက်တော် မူနိုင်ကြပေသည်။

စောင့်ရှောက်ပုံမှာ ထိုအခါများဌ သာသနာတော်သို့ ဝင်ရောက်လာကြသော ပုဂ္ဂိုလ်တို့သည် အမျိုးတော်အနွယ် အယူအဆ မတူကြဖေကာမူ တဦးဦးက မှားယွင်းစွာ ပြောဟော ကျင့်ကြံခဲ့လျှင် အကျယ် ပညတ်ဟောကြားထားသော ဝိနည်းစည်းမျဉ်းများဖြင့်ရှင်း၊ သုတ္တ ဂေယျစသော သြဝါဒတရားတော်များဖြင့်ရှင်း၊ အခြားပုဂ္ဂိုလ်တို့က ဝိုင်းအုံ၍ ဆုံးမပြုပြင်ကြသောကြောင့် ထိုမှားသော ပုဂ္ဂိုလ်လည်း အမှားကို ပယ်ဖျောက်၍ အမှန်သို့ ရောက်သွားလေတော့သည်။ ဤနည်းဖြင့် ဘေးရန်အန္တရာယ်များကို ပယ်ရှားကာကွယ်ကြ၍ ထိုဘုရားရှင်တို့၏ သာသနာတော်ကို ဆရာတပည့် အဆက်ဆက် ရှည်မြင့်စွာသောကာလပတ်လုံး တည်တံ့နေအောင် စောင့်ရှောက်ထားကြပေကုန်၏။ ထိုကြောင့် ဇော တံ ဗြဟ္မစရိယံ စိရံ ဒီဃမဒ္ဓါနံ

"ထပေသုံ....ဟု မြတ်စွာဘုရားက အရှင်သာဂီပုတြာအား မိန့်ကြားတော်မူပေသည်။

(အားကျဘွယ် အထုယူဘွယ်ကောင်း၏။ဤသာသနာပြုသာဂကမျိုးဖြစ်အောင် ကြိုးစားသင့်လှပေ၏။

သာသနာ အရှည်တည်စေလို၍ ဝိနည်းစည်းမျဉ်းကို တောင်းပန်ရသည်

အထက်ပါ မိန့်ခွန်းတော်များကို ကြားရ၍ အရှင်သာရိပုတြာက သာသနာတော် အရှည်တည်တံ့ရေးအတွက် ဝိနည်းသိက္ခာပုဒ်များကို ပညတ်တော်မူရန် တောင်းပန်လျှောက်ထားခဲ့ပေသည်။ ဤသို့ တောင်းပန်သည့် အတိုင်းပင် အချို့တန်အခါကျသော နောက်ကာလများ၌ မြတ်စွာဘုရားက ဝိနည်းသိက္ခာပုဒ်တော်များကိုပညတ်ထားတော်မူခဲ့ပေသည်။ဆိုခြင်းငှဲ့ပင် ဘုရားရှင်နှင့်တကွ အနုဗုဒ္ဓ ဖြစ်တော်မူကြသော ဘုရားတပည့် သာဝကကြီးများ ကွယ်လွန်သွားကြသော်လည်း သာသနာတော်နှစ် (၂၄၉၆)ခုမြောက် ယခုကာလတိုင်အောင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ဘုရားစကားတော်အလုံးစုံ ဟူသော ပရိယတ္တိ သာသနာတော်ကြီးသည် နေ လ အလားကဲ့သို့ ထင်ရှားပြည့်စုံစွာ တည်တံ့လျက် ရှိပေသည်။ ဤပရိယတ္တိသာသနာပြည့်စုံစွာ တည်ရှိနေသောကြောင့်ပင်လျှင် ပဋိပတ္တိသာသနာတော်သည်လည်း တည်ရှိနေပါပေသည်။ ဤအခြေခံ သာသနာတော် ၂-ပါးလုံး အပြည့်အစုံ တည်ရှိနေသောကြောင့်ပင်လျှင်

နိဒါန်း

မင်္ဂဝိုလ်ဟူသော ပဋိဝေဓ သာသနာတော်သည်လည်း နည်းလမ်း မှန်စွာ အပြည့်အစုံ ကျင့်ကြံ အားထုတ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အထင်အရှား ဖြစ်ပွားလျက် တည်ရှိပါပေသည်။ နောင်ကာလ၌လည်း နှစ်ပေါင်း (၂၅၀၀)ကျော်အထိ သာသနာတော် တည်တံ့သွားပေဦးမည်။ ။(ဝိနည်းစည်းမျဉ်းရှိ၍ ယခု ခေတ် ဗုဒ္ဓသာသနာဝင်များ သာသနာ့အရှိသာကို မိမိတို့ ပါရဒိရှိသလောက် တွေ့ရသိရ ခံစားနေရပါပေသည်ဟု နှလုံးသွင်း၍ ဝိနည်းစည်းမျဉ်းကို အထူးသဖြင့် အလေးပြုသင့်ပေ၏။)

ယခု ပေါ်ပြခဲ့သည့်အတိုင်း မြတ်စွာဘုရား၏ သာသနာတော် အပြည့်အစုံ တည်ရှိနေသောကြောင့် ပင်လျှင် ကျေးဇူးရှင်မဟာ-စည်သော ဆရာတော်ဘုရားကြီးသည်လည်း ဆရာမြတ်တို့၏ နည်းဥပ-နိသျများနှင့်တကွ သတိပဋ္ဌာနသုတ်အစရှိသော ပရိယတ္တိသာသနာ တော်ကြီးကိုပင် အခြုံပြု၍ သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းတရား ဟူသော ပဋိပတ္တိသာသနာတော်ကို အထင်အရှား ဟောကြား ညွှန်ပြ၍ လာခဲ့သည်မှာ ၁၅-နှစ်ခန့် ရှိခဲ့လေပြီ။ ဤဝိပဿနာ ပဋိပတ်အလုပ်ကို အားထုတ်ကြကာ ကိုယ်ပိုင်ဉာဏ်အတွေ့ပြုံ့ နှစ်နှစ်ချိုက်ချိုက် သဘောကျနေသော ရဟန်းရှင်လူ အပေါင်း မှာလည်း ထောင်သောင်းမက များပြားလှလေပြီ။ ဤပုဂ္ဂိုလ် အပေါင်း ထောင်သောင်းများစွာတို့တွင် စာပေကျမ်းဂန် ဗဟု သုတနှင့် ပြည့်ဝလုံလောက်သော ပုဂ္ဂိုလ်တို့မှာလည်း ဂဏန်းစာရင်း မမှာစဉ်ယူနှုန်းနှင့်တကွ သိကျွမ်းဝါးတော် ငါးဆယ်ကျော်အထိ ဆရာတော်ကြီးများလည်း ပါဝင်လျက် ရှိကြပေသည်။ ဤလို ဗဟုသုတနှင့် ပြည့်စုံကြသော ပုဂ္ဂိုလ်များက မိမိတို့ ဆိုင်ရာ

အရပ်ဒေသများ၌ တဆင့်တဆင့် ဟောကြားညွှန်ပြသဖြင့် ပြစ်ပေါ်လာကြသော ကမ္မဋ္ဌာန်း ဌာနခဲ့များမှာလည်းတရာခန့်ရှိနေလေပြီ။

သို့ဖြစ်၍ ဌာနခဲ့များစွာ ပုဂ္ဂိုလ်များစွာတို့နှင့် သက်ဆိုင်သော သတိပဋ္ဌာန် ဝိပဿနာဟူသော ဤ ပဋိပတ္တိသာသနာလုပ်ငန်းကြီး၏ အရှည်တည်တံ့ရေး၊ အပြစ်တင်ဘွယ်ကင်း၍ သန့်ရှင်း စင်ကြယ်ရေးများအတွက် စိမံညွှန်ကြားရန် မိမိမှာ တာဝန်ဝတ္တရား ရှိနေသေးသည်ဟု ဆရာတော်၏ဉာဏ်တွင် ထင်ဟပ်မြင် ပေါ်ပေါက်လာခဲ့လေသည်။ ထို့ပြင် ဤသို့ စိမံရာတွင်လည်း မိမိတပါးတည်း စိမံခြင်းထက် ကမ္မဋ္ဌာန်းပြသရာ၌ ကိုယ်တွေ့ ဗဟုသုတ များစွာရှိကြသော ကမ္မဋ္ဌာန်းဆရာများနှင့် တိုင်ပင် ညှိနှိုင်း၍ စိမံခြင်းက ပိုမို၍ ကောင်းပေလိမ့်မည်ဟု ယူဆတော်မူခဲ့လေသည်။ သို့ဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အထက်ပိုင်း အောက်ပိုင်းမှာ ရှိကြသော မဟာစည်သတိပဋ္ဌာန် ကမ္မဋ္ဌာန်း ဌာနများမှ ပဓာနဆရာတော်များကို ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ပင့်ဆောင်ပြီးလျှင် ၁၃၁၄-ခု ဝါဆိုလဆန်း (၉-၁၀-၁၁)ရက် နေ့များ၌ ပဓာနကမ္မဋ္ဌာနာစရိယ အစည်းအဝေးကို ကျင်းပ၍ တည်ထားသင့်သော စည်းမျဉ်းဥပဒေများကို စဉ်းစား ဆွေးနွေး ခဲ့ကြပေသည်။ ဤအစည်းအဝေးသို့ တက်ရောက်ကြသော ပုဂ္ဂိုလ်များမှာ....

(၁) သနက်ပင်ချောင် ဆရာတော်ကြီး၊ လှည်းကူးမြို့နယ်။
(၂) ရွှေစေတီဆရာတော်၊ ဧန္ဒလေး။(ဓနုဂ်မ့ကြွလာသည်။)

နိဒါန်း

(၃) အောင်မြေဘုံစံဆရာတော် အရှင်ဉာဏာဘိရာ၊ ရန်ကုန်။
(၄) ရွှေမင်းဝံဆရာတော်၊ ရန်ကုန်။
(၅) ဝက်လက်ဆရာတော်၊ အရှင်ကုသုမ၊ မူလမဟာစည်ကမ္မဋ္ဌာန်းတိုက်၊ ရွှေဘို။
(၆) ဆရာဒေတော် ဦးကလျာဏ၊ သံလျင်မြို့။
(၇) မဟာစည်ဆရာတော်၊ သာသနာ့ရိပ်သာ၊ ရန်ကုန်။
(၈) သဒ္ဓမ္မသီတဂူ ဆရာတော် အရှင်အာစိဏ္ဏာဘ၊ ပုသိမ်။
(၉) သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာ အရှင်ဝိစာရ၊ ယခု ဝါးခယ်မ။
(၁၀) သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာ အရှင်သုဇာတ ရန်ကုန်။
(၁၁) ဦးနန္ဒမာလာ၊ လှည်းကူးရိပ်သာ၊ လှည်းကူးမြို့။
(၁၂) သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်း နည်းပြဆရာနှင့်ဓမ္မကထိက၊ ရွှေဘို ဦးမုနိန္ဒ၊ ရန်ကုန်။
(၁၃) သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်း နည်းပြဆရာ၊ ဦးအာသဘ၊ ရန်ကုန်။
(၁၄) ဆင်များရှင် ကမ္မဋ္ဌာန်းဌာန၊ ဦးပညာဝါ၊ စစ်ကိုင်း။
(၁၅) ဦးကောသလ္လ၊ နေရာချထားရေးဝန်ဆောင်နှင့် လက်ထောက် ကမ္မဋ္ဌာန်းနည်းပြဆရာ၊ သာသနာ့ရိပ်သာ။
(၁၆) ဦးထေရာစာရ ဘုံကျော်ကမ္မဋ္ဌာန်းဌာန၊ ပုသိမ်။

စသော ဆရာဒေတော်များနှင့် ကမ္မဋ္ဌာန်းဆရာကြီး ဆရာကြံတို့ ဖြစ်ခဲ့ပေသည်။

ဤ အစည်းအဝေးတွင် မိမိတို့ မြောက်မြင့် နိုင်သလောက် အသီးသီး အကြံဉာဏ်ပေးကြ၍ စည်းမျဉ်းမူကြမ်းကို ရေးဆွဲ လက်ခံကြပြီးလျှင် နောက်ထပ် ဖြည့်စွက် ပြင်ဆင်ရန်စသော ဆောင်ရွက်ဘွယ် ဟူသမျှကို အောင်မြဘုံစံဆရာတော် အရှင် ဥဏ္ဏတ္ထရ၊ သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းနည်းပြဆရာ အရှင် သုဇာတတို့နှင့်တကွ ကျေးဇူးရှင် မဟာစည်ဆရာတော်အား လုံးဝ တာဝန်လွှဲအပ်ခဲ့ကြသည်။

ထို့ကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော်သည် အရှင် ဥဏ္ဏတ္ထရ အရှင် သုဇာတတို့နှင့်တကွ အဖန်ဖန် ညှိနှိုင်းပြင်ဆင် သုံသပ်တော်မူပြီးလျှင် ဤစည်းမျဉ်းဥပဒေများကို ပုံနှိပ်ထုတ် ဝေစေခဲ့ပေသည်။ ဤစည်းမျဉ်း များမှာ လောကဝေါဟာရ အလိုက် စည်းမျဉ်းဟု ခေါ်ဆိုရသော်လည်း အာဏာပညတ် မျိုးကား မဟုတ်ပေ။ အမှန်အားဖြင့်သော်ကား သုတ်၊ ဝိနည်း အဘိဓမ္မာတို့၌ မြတ်စွာဘုရား မိန့်မှာထားခဲ့သော အဆုံးအမ တော်ကိုပင် အမှတ်တရ လိုက်နာကျင့်သုံးကြစေရန် အလို့ငှါ ထုတ်ဖော်၍ ညွှန်ပြထားသော သြဝါဒစကားမျှသာ ဖြစ်ပေ သည်။ သို့ဖြစ်၍ ဤသြဝါဒ စည်းမျဉ်းများကို ရိုသေစွာလိုက်နာ လျှင် အောက်ပါ အကျိုးတရားများကို လက်ငင်းပင် ခံစား ကြရပါလိမ့်မည်။

ဂုဏ်တို့မှာ....

(၁) မိမိကိုယ်ကို မိမိစုပ်စဲ့မည့် အတွာနုဝါဒဘေး။

(၂) မိမိကိုယ်ကို သူတပါးတို့စုပ်စဲ့မည့် ပရာနုဝါဒဘေး။

(ည) နိဒါန်း

စသည်တို့မှ ကင်းဝေးလွတ်မြောက်၍ အခါခပ်သိမ်း ချမ်းမြေ့ကြည်လင်စွာ နေရပါလိမ့်မည်။

ထို့ပြင်....

(၁) ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ ကျင့်စဉ်မ်းနိုင်ခြင်း။
(၂) ကိုယ် နှုတ် နှစ်တန် ဖြောင့်မှန်ခြင်း။
(၃) ဧတ်ကူး အကြံ ဖြောင့်မှန်ခြင်း။
(၄) ဆိုဆုံးမ လွယ်ခြင်း။
(၅) နှးညှံ့ သိမ်မွေ့ခြင်း။
(၆) မာန်ထောင်လွှားမှု မရှိခြင်း။
(၇) ရောင့်ရဲ လွယ်ခြင်း။
(၈) မေ့မြုလွယ်ခြင်း။
(၉) အမှုကိစ္စ နည်းပါးခြင်း။
(၁၀) အသက်မွေးမှု ပေါ့ပါးခြင်း။
(၁၁) နေ့ခြင် ငြိမ်သက်တည်ကြည်ခြင်း။
(၁၂) ဉာဏ်ပညာ ရင့်ကျက်ခြင်း။
(၁၃) ကိုယ် နှုတ် စိတ်ကြမ်း အရမ်းချုပ်ချယ်မှု မရှိခြင်း။
(၁၄) ဒါယကာ ဒါယကာမတို့၌ ငြိတွယ်မှု မရှိခြင်း။
(၁၅) ပညာရှိတို့ ကဲ့ရဲ့ဘွယ်မှုနှင့်ပါက အသေးအနုပ် ကိုမျှ မပြုမိခြင်း။

ဟူသော မေတ္တာသုတ်လာ ဘာဝနာ၏ပရိကံ ဂုဏ်အင်္ဂါများနှင့်လည်း ကောင်းကောင်း ပြည့်စုံပါလိမ့်မည်။

ထို့ပြင်....

(၁) မကောင်းမှု ဟူသမျှကို မပြုခြင်း။
(၂) ကောင်းမှု ဟူသမျှကို ပြည့်စုံစေခြင်း။
(၃) မိမိ၏ စိတ်နှလုံးကို သန့်ရှင်းဖြူစင်စေခြင်း။

ဟူသော သြဝါဒပါတိမောက်၌လာသော ဘုရားရှင်၏ ဆုံးမတော်မူလိုရင်းအစစ် သာသနာတော် အဆိအနှစ် မျှားလည်း မိမိသန္တာန်မှာ ထိုက်တန်သလောက် ပြည့်စုံသွားပါလိမ့်မည်။

ထိုပြင်....အတ္တနာ စ အပိုဏ္ဏာ၊ အပိုဏ္ဏကထဉ္စ ဘိက္ခူနံ ကတ္တာ- စသော ဒေသနာတော်နှင့်အညီ၊

(၁) အလိုနည်းခြင်း။
(၂) ရောင့်ရဲလွယ်ခြင်း။
(၃) ဆိတ်ငြိမ်ဝပ်နေခြင်း။
(၄) ရောနှောမှုကင်းခြင်း။
(၅) တင်းတင်းအားထုတ်ခြင်း။
(၆) သီလနှင့်ပြည့်စုံခြင်း။
(၇) သမာဓိနှင့် ပြည့်စုံခြင်း။
(၈) ပညာနှင့် ပြည့်စုံခြင်း။
(၉) ဝိမုတ္တိနှင့် ပြည့်စုံခြင်း။
(၁၀) ဝိမုတ္တိဉာဏဒဿနနှင့် ပြည့်စုံခြင်း။

ဟူသော ကထာဝတ္ထု (၁၀)ပါးတို့နှင့် ကိုယ်တိုင်ကပြည့်စုံပြီး လျှင် သူတပါးတို့ အားလည်း ၎င်းဂုဏ်တို့နှင့် ပြည့်စုံစေရန်

(၄၄)

နိဒါန်း

ဟောကြား ညွှန်ပြခြင်းဟူသော ဤကထာဝတ္ထု သမ္ဗန္ဓဂုဏ်နှင့် လည်း ထိုက်တန်သလောက် ပြည့်စုံသွားပါလိမ့်မည်။

ဤသို့စသည်ဖြင့် ဗုဒ္ဓသာသနာတော်မှာ မုချလိုလားအပ် သော ဂုဏ်အင်္ဂါများ၊ အထူးအားဖြင့် ယောဂီပုဂ္ဂိုလ်တို့မှာ ပြည့်စုံသင့်ပြည့်စုံထိုက်သော ဂုဏ်အင်္ဂါများနှင့် ကောင်းကောင်း ကြီး ပြည့်စုံစေကာ ပဋိပတ္တိ သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်၊ သာ-သနာပြု ပုဂ္ဂိုလ်အဖြစ်သို့ရောက်အောင် ညွှန်ကြား ပို့ဆောင်နိုင် သော ဤစည်းမျဉ်းဥပဒေများကို မဟာစည်သင်္ကန်းပဋ္ဌာန်အဖွဲ့ဝင် သူတော်စင် အပေါင်း ယောဂီ အသစ်အဟောင်း တို့သည် နှစ်ထောင်းအား၍ ရှေအိုးကြီးများကို ရကြသလို ရှင်ပြုဝမ်းသာ ရုံသေစ့ဝါဖြင့် လိုက်နာ ကျင့်သုံးနိုင်ကြပါစေ....ဤသို့ လိုက်နာ ကျင့်သုံးကြ၍ မြတ်စွာဘုရား တည်ထောင်ထားခဲ့သော ပဋိပတ္တိ သာသနာတော်၏ ဂုဏ်ရောင်ကို တောက်ပြောင်ထွန်းဝင်း လင်း ထက်လင်းအောင် ရှက်ဆောင်နိုင်ကြပါစေကုန်သတည်း။

သာသနာတော်နှစ် ၂၄၉၆-ခု။ အရှင်သုဇာတ
မြန်မာသက္ကရာဇ် ၁၃၁၇-ခု။ ကမ္မဋ္ဌာန်းနည်းပြဆရာ
ဆတော်သလင်းလဆုတ် သာသနာ့ရိပ်သာ
၁၀-၉-၁၂ ရန်ကုန်မြို့။

မဟာစည် သတိပဋ္ဌာန်အဖွဲလုံးဆိုင်ရာ စည်းမျဉ်းညွှန်ပြဒေသများမှာ မူလရင်း ညွှန်ပြဒေသဖြစ်သော အခြေတည်၍ အပိုဒ်ကြီး, အပိုဒ်လတ်, အပိုဒ်ငယ်တို့ဖြင့် ခွဲခြားထား၏။ ၎င်းတို့မှာ အောက်ပါဇယားအတိုင်းပင် ဖြစ်သည်။

မူလရင်း	အပိုဒ်ကြီး	အပိုဒ်လတ်	အပိုဒ်ငယ်ထပ်တူး	ထူးခြား
၁	၃	၉	၁၁	၀	၁၁
၂	၃	၀	၃၄	၃၂	၂
၃	၃	၁	၁၃	၁၁	၁၀
၄	၂	၂	၁၃	၆	၇
၅။၈	၀	၀	၁၄	၀	၁၄
၅။၁	၀	၀	၂	၀	၂
စုစုပေါင်း	၁၁	၂၉	၁၆၂	၃၁	၄၁

မဟာစည် ဆရာတော်ကြီး
ဩဝါဒကထာ

ဆရာတော်သည် မဟာသတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းတရား ကို ၁၃၀၀-ပြည့်နှစ်မှစ၍ အာဏင်အရှား ဟောကြားညွှန်ပြလာ ခဲ့ပေသည်။ ဤသို့ ဟောကြားညွှန်ပြရာတွင် သက်ဝင်ယုံကြည် ကာ လိုက်နာ၍ အားထုတ်ကြသော သမ္မာဆန္ဒရှိသူ ရဟန်းရှင် လူအပေါင်း ဆောင်သောင်းမျှားစွာတို့မှာ အဘိုးမပြတ်နိုင် အောင် ကောင်းမြတ်သော ဝိပဿနာ၏ အကျိုးကျေးဇူးမျှားကို လက်ငင်းပင် ခံစားနေရကြောင်း ကောင်းကောင်း အားထုတ် ဘူးသူတို့အား ထင်ရှားလျက် ရှိပေသည်။

ဤရဟန်းရှင်လူ အပေါင်း ဆောင်သောင်း မျှားစွဲထဲမှ ဟောပြောနိုင်သော စွမ်းရည်သတ္တိနှင့် သမ္မာဆန္ဒ ဝီရိယစောင်ခံ ထက်သန်စွာရှိကြသော ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့ကလည်း မိမိတို့ကဲ့သို့ပင် ဝိပဿနာ၏ အကျိုးမျှားကို ခံစားနိုင်စေရန် အလို့ငှါ ဆိုင်ရာဆိုင်ရာ အရပ်ဒေသမျှားတွင် တဆင့်ဟောကြား ညွှန်ပြကြသောကြောင့် တစကာစနှင့်တိုးပွားလာသော မဟာစည် သတိပဋ္ဌာန် ဌာနခွဲမျှားမှာ ယခုအချိန်အခါ၌ တရာခန့်အထိ ရှိနေလေပြီ။

ဤမျှ မျှားပြားသော တပည့်ယောဂီမျှားနှင့် ဌာနခွဲမျှား အဘက် ဟောကြားညွှန်ပြ ဆုံးမရန်အလို့ငှါ ဆရာတော်ထံမှ

မဟာသတိပဋ္ဌာနသုတ် စသော ဓမ္မလက်ဆောင်မျှကိုသာ ပေးရသေးသည်။ စည်းမျဉ်းဥပဒေဟူသော ဝိနယလက်ဆောင်ကိုကား မပေးရသေးပေ။ ဤသို့ ဝိနယမဘက် ဓမ္မသက်သက်ဖြင့်သာ ဟောကြားသွန်ပြ ဩဝါဒပေးနေသော်လည်း ထို့မျှ များပြားသော မဟာစည် သတိပဋ္ဌာန်ဌာနများတွင် ယခုထက်တိုင်အောင် ပြောပလောက်သော ချို့ယွင်းချက်များ မပေါ်ခဲ့ခြင်းမှာ ဆရာရော တပည့်များပါ ဝိပဿနာဓမ္မကို ရှုသေလေးစားခြင်းကြောင့်ပင် ဖြစ်သည်ဟု ယုံကြည်ရပေသည်။ သို့ဖြစ်၍ ဤနှည်းအတိုင်းသာ ဝိပဿနာဓမ္မကို ရှုသေလေးစားသွားကြမည်ဆိုလျှင် မဟာစည် သတိပဋ္ဌာန် ဌာနများတွင် မည်သည့်အခါမှာမျှ ပြောပလောက်သော ချို့ယွင်းချက်များ ပေါ်လာနိုင်ဘွယ်မရှိဟု ထင်ရလောက်ပေသည်။

သို့ရာတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့ကိုယ်တိုင် မမြင်နိုင်သော အသေးအမွှား ချို့ယွင်းချက် ကလေးများမှာမူကား ရှိနိုင်သေးသည်။ ထို့ပြင် အသစ်ဖြစ်သော ဌာနခွဲများသည်လည်း မကြာမီကာလ အတွင်းဤပင် ဆဘက်ထမ်းပိုး များစွာတိုးလာမည်မှာ သေချာလျက်ရှိပေသည်။ ဤသို့ များပြားလှစွာသော ဌာနခွဲတွေ့ တိုးပွားလာသောအခါမှာ လိုက်နာစရာ စည်းမျဉ်းများ သတ်မှတ်၍ မထားပါက ဆရာများမှာလည်း ညွှန်ကြားရန် မလွယ်ကူမည့်အပြင် တပည့်များမှာလည်း လိုက်နာရန် ခက်ခဲလှက် ချို့ယွင်းချက်များ ဖြစ်ပွားနိုင်ဘွယ်ရာ အကြောင်းလည်း ရှိပေသေးသည်။

သို့ဖြစ်၍ အဆိုပါ မမြင်နိုင်သော ချို့ယွင်းချက်ကလေးများနှင့် ဖြစ်ပွားစေနိုင်သော အကြောင်းအချက်များကို စည်းမျဉ်း

ဖြင့် ကာကွယ်ထားရလျှင် သတိပဋ္ဌာန်ဘာဝနာ ဤ ဝိပဿနာ လုပ်ငန်းကြီးသည် အပြစ်ကင်း၍ သန့်ရှင်းစွာ အရှည်တည်တံ့သွားနိုင်လိမ့်မည်ဟု မိမိ၏စိတ်တွင် ထင်မြင်မြော်လင့်မိပေသည်။ ထို့ကြောင့် မဟာစည် သတိပဋ္ဌာန်အဖွဲ့ထဲတွင် ပဓာနဖြစ်သော ကမ္မဋ္ဌာန်းဆရာတော်များနှင့် ဆွေးနွေးတိုင်ပင် ဆင်ခြင်စဉ်းစားပြီးလျှင် မဟာစည် သတိပဋ္ဌာန်တဖွဲ့လုံး စောင့်သုံးရန်အတွက် ဤစည်းမျဉ်းဥပဒေများကို ရေးသား၍ ထုတ်ပြန်ရပေသည်။ သို့ရာတွင် မိမိတို့၏ သဘောအတိုင်း ကြံဖန်၍ရေးသားထားသည်ကား မဟုတ်ပေ။ ယောဂီပုဂ္ဂိုလ်များနှင့် ကမ္မဋ္ဌာန်းဆရာများမှာ ရှိသင့် ရှိထိုက်သော ကျင့်ဝတ်ဂုဏ်ထူးများကိုပင် မြတ်စွာဘုရား ဟောကြားပညတ်တော်မူအပ်သော မေတ္တာနှင့် ဝိနယတို့မှ ထုတ်ဖော်၍ ရေးသားခြင်းမျှသာ ဖြစ်ပေသည်။ သို့ဖြစ်၍ ဤစည်းမျဉ်းဥပဒေများကို အသေးစိပ်အားဖြင့် ခွဲခြား ဝေဘန်ကြည့်လျှင်....

(၁) ဓမ္မဥပဒေများ....
(၂) ဓမ္မာနုလောမ ဥပဒေများ....
(၃) ဝိနယ ဥပဒေများ....
(၄) ဝိနယာနုလောမ ဥပဒေများ....
(၅) ဓမ္မ ဝိနယ မိဿက ဥပဒေများ....

ဟူ၍ ငါးမျိုး ကဲ့ပြားလျက်ရှိသည်ကို တွေ့ရပေလိမ့်မည်။

(၁) ထို့တွင် ဘုရားဟောတော်မူအပ်သောသုတ်တရားတော်များအရ တိုက်ရိုက်ညွှန်ပြထားသော ဥပဒေများကို ဓမ္မဥပဒေများဟု မှတ်ကြရမည်။

ပုံစံမှာ... ကမ္မဋ္ဌာနဘာဝနာရိယ ရဟန်းတော်များဥပဒေ။ အပိုဒ် ကြီး[၃]အပိုဒ်လတ် (ခ) သဘားလာရော့။ အပိုဒ်ငယ် (၁)ဥပဒေစသည်ပင်တည်း။

(၂) သုတ်တရားတော်များ၌ တိုက်ရိုက် မဟောအပ်သော်လည်း ထိုသုတ်တရားတော်များနှင့် လျော်ညီစွာ ညွှန်ပြတော်မူသော ဥပဒေများကို ဓမ္မဘဏ္ဍာဂါရိကဥပဒေများဟု မှတ်ကြရမည်။

ပုံစံမှာ....ကမ္မဋ္ဌာနာစာရိယ ရဟန်းတော်များဥပဒေ။ အပိုဒ် ကြီး[၃]အပိုဒ်သတ် (က)နောက်ဆိုင်ရော့။အပိုဒ်ငယ်(၁) ဥပဒေစသည်ပင်တည်း။

(၃) မြတ်စွာဘုရား ပညတ်တော်မူအပ်သော ဝိနည်းသိက္ခာပုဒ်တော်များအရ တိုက်ရိုက်ပြဆိုသော ဥပဒေများကို ဝိနယဥပဒေများဟု မှတ်ကြရမည်။

ပုံစံမှာ....ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များဥပဒေ။ အပိုဒ် ကြီး[၃] အပိုဒ်လတ်(ခ) သဘားလာရော့။ အပိုဒ်ငယ် (၃)ဥပဒေစသည်ပင်တည်း။ ဤ အပိုဒ်ငယ် (၃) ၌ သပ္ပဂ္ဂိဇန္ဓ စသောသေဓိယ သိက္ခာပုဒ်များနှင့် တာကရူပိယ သိက္ခာပုဒ်၊ ရူပိယသံဝေါဟာရ သိက္ခာပုဒ်စသည် တို့ကို စောင့်ရှောက်ရန် အကျဉ်းချုံးဖြဲ ပြထားသည်။

(၄) ဝိနည်းသိက္ခာပုဒ်များ၌ တိုက်ရိုက်မဆိုအပ်သော်လည်း ထိုဝိနည်း သိက္ခာပုဒ်များနှင့် လျော်ညီစွာ ညွှန်ပြတော်မူသော ဥပဒေများကို ဝိနယာနုလောမ ဥပဒေများဟု မှတ်ကြရမည်။

(၅) မဟာစည် ဆရာတော်၏

ပုံစံမှာ....ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များဥပဒေ။ အုပ်ဒ်
ကြီး[၃] အပိုဒ်လတ်(ဃ)စားသောက်ရေး။ အုပ်ဒ်
ငယ်(၁)ဥပဒေစသည်ပင်တည်း။

(၅) သုတ်နှင့်ဝိနည်း ရောရှုပြထားသော ဥပဒေများကို
ခွဲမခြားနားသိအောင် ပြသောကျမ်းကို ဝိနယ ဟုခေါ်ဆိုသည်။

ပုံစံမှာ....ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ ဥပဒေ။ အုပ်ဒ်
ကြီး[၃]အပိုဒ်လတ် (က)နေထိုင်ရေး။ အပိုဒ်ငယ်
(၂) ဥပဒေစသည်ပင်တည်း။

ဤဝါးမျိုးသော ဥပဒေတို့တွင် ဝိနယ ဥပဒေများမှာ
မြတ်စွာဘုရား၏ အာဏာပညတ်တော်များဖြစ်၍ မချုတ်မယွင်း
လိုက်နာရမည့် ဥပဒေများဖြစ်ပေသည်။ ၎င်းတို့ကို လိုက်နာ
ရသောအခါများ၌ "စည်းမျဉ်း ဥပဒေက သတိပေးရုံမျှသာ ဖြစ်
သည်။ အမှန်အားဖြင့် မြတ်စွာဘုရား၏ အမိန့် အာဏာတော်
ကိုသာ ရိုသေကာ လိုက်နာရသည်" ဟု ယောနိသောမနသိကာရ
ဖြင့် နည်းလမ်းမှန်ကန်စွာ နှလုံးသွင်းကြစေလို၏။

ဓမ္မဥပဒေများနှင့် အနုလောမ ဥပဒေများမှာ သဒ္ဓါဝိရိယ
စသော မိမိတို့၏ ခွန်အားပလရှိသမျှသော လိုက်နာရန်ဖြစ်သည်။
၎င်းတို့ကို လိုက်နာသော အခါ၌လည်း "မြတ်စွာဘုရား
ဟောကြားတော်မူအပ်သည့် သန္တိဋ္ဌိ၊ သဇ္ဈလ၊
ဘာဝနာစိတ္တ၊ ပါသာဒိက စသော ယောဂီပုဂ္ဂိုလ်တို့၏ ဂုဏ်အင်္ဂါ
များ မချုပ်ယွင်းစေရန် အလို့ငှါ ပဋိပတ္တိ သာသနာ့ဝန်ဆောင်
ပုဂ္ဂိုလ်ဖြစ်နေသည့်အတွက်ပြည့်ပြည့်ဝဝကြီးကျင့်သုံးရပေသည်"
ဟူ၍သာ နှလုံးသွင်းကြစေလိုသည်။

အထူးသိနားလည်ထားရန်မှာ....ဤမေမွှန့်၌ အနုလောမဥပဒေတို့၏အရာ၌ အတိအကျလိုက်နာရန် ခဲယဉ်းမည်ဟု ထင်ရသော အပိုဒ်များဟူ၍ "သတ်ပြုရမည်၊ လုံလုပြုရမည်၊ ပြောဆိုနိုင်ရမည်" စသည်ဖြင့် အတိအကျမဆိုဘဲ သတိပေးစကား အနေဖြင့်သာ ညွှန်ကြားတားသည်ကိုဂုဏ်း။ အတိအကျ လိုက်နာသင့်သော အပိုဒ်များဟူ၍မူကား "ပြောဆိုရမည်၊ ပြုရမည်၊ ဖြစ်စေရမည်၊ ရှိစေရမည်၊ မပြု၊ မပြစ်စေရ" စသည်ဖြင့် အတိအကျပင် သြဝါဒပေးထားသည်ကိုဂုဏ်း၊ အထူး သိနားလည်ကြပြီးလျှင် အတိအကျ မလိုက်နာနိုင်ကောင်းသော အရာဌာနမျှားဌ္ဌစွမ်းနိုင်သမျှသာ လိုက်နာကြရန် ဖြစ်သည်။ အတိအကျ လိုက်နာနိုင်ကောင်းသော အရာဌာနများဌ္ဌကား မြတ်ဝဒါဘုရားနှင့် တရားတော်မြတ်တို့၏ ဂုဏ်ကျေးဇူးကိုဂုဏ်း၊ ပဋိပတ္တိ သာသနာတော်မြတ်ကြီးနှင့် ဆရာသမား သီတင်းသုံးဘော်များကိုဂုဏ်း ကြည်ညိုလေးစား ရိုသေသော အားဖြင့် ညွှန်ကြားထားသည့်၊ အတိုင်း ဒေါပြည့်ဇေဝုံ အတိအကျပင် လိုက်နာကျင့်သုံး သွားကြစေလိုဂ်။

အထူးလတိပြုရန်မှာ....ယခုအခါမြန်မာ့ရွှေအုပ်ဌ္ဌ ဗုဒ္ဓသာသနာဘော်ကြီး ဆုတ်ယုတ်ခေရး၊ တိုးတက်ခေရးသည် ယခုလက်ရှိ ဗုဒ္ဓသာသနာဝင် လူ ရှင် ရဟန်းအားလုံးဝဌ္ဌနှင့် သက်ဆိုင်လျက် ရှိပေသည်။ ယခုလက်ရှိ လူရှင်ရဟန်းတို့က မိမိတို့၏တာဝန်ကို ကျေပြန်အောင် ထမ်းဆောင်မသွားလျှင် သာသနာတော်ကြီးသည် ရွှေအုပ်တွင် တစတစနှင့် ဆုတ်ယုတ်သွားမည်မှာ မလွဲဘော့ပေ၊ မိမိတို့၏ တာဝန်ကို ကျေပြန်အောင် ထမ်းဆောင်

မဟာစည် ဆရာတော်၏

သွားလျှင်ကား သာသနာတော်ကြီးသည် မတိုးတက်နိုင်စေ
ကာမူ မဆုတ်ယုတ်ဘဲ အရှည်တည်တံ့သွားမည်မှာ သေချာ
လှပေ၏။

ဘိုးဖြစ်၍ သာသနာတော်၏ မဆုတ်ယုတ်ရေး, တိုးတက်ရေး
ကို တကယ်တမ်း အလေးပြုတော်မူကြသော ပရိယတ္တိဝန်ဆောင်
ပုဂ္ဂိုလ်မြတ်တို့သည် နိကာယ်ငါးရပ်၊ ပိဋကတ် ၃-ပုံ၊ အလုံးစုံ
သော ဘုရားစကားတော်တို့ကို သဘာဝကျကျ ဇွဲနှံလုံလင်စွာ
တတ်သိအောင် လေ့လာခြင်း၊ သင်ကြားပေးခြင်း စသည်ဖြင့်
မိမိတို့၏ တာဝန်ကို ကျေပြန်အောင် ထမ်းဆောင်တော်မူကြသကဲ့
သို့ ဘိုးအရှင်ပင် ပဋိပတ္တိဝန်ဆောင် ပုဂ္ဂိုလ်မြတ်တို့သည်လည်း
မိမိတို့၏ တာဝန်ဖြစ်သော ပဋိပတ္တိဆိုင်ရာ ကျင့်ဝတ်ဟူသမျှကို
ဆင်ခြေကန်၍ ငြင်းပယ်ရှောင်ရှားခြင်း, ခိုက်ပ်ခြင်း အလျှင်းမရှိ
မူ၍ အင်အားရှိသမျှ ပြည့်ပြည့်ဝဝကြီး ကျင့်ဆောင်တော်မူသွား
ကြရန်နှင့် မိမိအတွက် သာသနာတော်၏ ဂုဏ်ကြက်သရေမှာ
သိသိသာသာကြီး တိုးတက်စေမည်ဟု နှလုံးသွင်း ဆောက်တည်
ကာ ပြည့်စုံသာ ကျင့်ဆောင်ကြလျက် ပဋိပတ္တိ သာသနာတော်
စွတ်ကပ်ကဲ့ အဝန်းကုန်း ခြင့်ထင်တော်မူကြရန် ဆရာတော်က
ဤသြဝါဒစကားဖြင့် လေးနက်စွာ မှာကြားအပ်ပါသတည်း။

အရှင်ဓမ္မာနန္ဒ
မဟာစည်ဆရာတော်
သာသနာ့ဓိပ်ပါယ်
ရန်ကုန်မြို့။
၁၃၁၀-ခု ဧကင်္ဘဝလဆန်း (၁၅)ရက်နေ့။

၃-၉-၅၂။

ဗဟာစည် သတိပဋ္ဌာန် အနှံ့ဝင်းဆိုင်ရာ
စည်းချက် ဥပဒေများ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဌမ ပလ္လင်ခံ စကား

လောက၌ မည်သည့်အရပ် ဒေသကွင်းမဆို လုပ်ငန်းရှိလျှင် ပုဂ္ဂိုလ်ရှိသည်။လုပ်ငန်းတူသောပုဂ္ဂိုလ်အများရှိလျှင် သူ့အလိုလို ပင် အစုအဖွဲ့ ဖြစ်လေတော့သည်။ လူများစုပေါင်းသော ဤအစု အဖွဲ့တိုင်းမှာ ခေါင်းဆောင်လုပ်ဆောင်ရန်အကျိုးငှါ အမည် သညာဝိသေသ ရှိရှိခမ်းမတာ ဖြစ်သည်။ ထို့ပြင် ၎င်းအဖွဲ့နှင့် အဖွဲ့၏ လုပ်ငန်းစဉ်များ အပြစ်ကင်းရှင်း သန့်ရှင်းစင်ကြယ်စွာ အရှည် တည်တံ့သွားစေခြင်း အကျိုးငှါ စည်းမျဉ်းဥပဒေသည်း မချွတ် ဓကန် အမှန်ပင် ရှိရှိခမ်မာ ဖြစ်ပေသည်။

ဤနည်းအတူပင် မဟာစည်ဆရာတော်သည် ဆရာမြတ်တို့၏ ဥပနိသျများနှင့် တကွ မဟာသတိပဋ္ဌာနသုတ် အစရှိသော ဘုရားဟော ဒေသနာတော်များကို အမှီပြုကာ ရှာကြံအားထုတ် တော်မူပြီးလျှင် မိမိ၏ဉာဏ်တွင် ထင်မြင်သဘောကျသည့်အတိုင်း ဘုရားရှင်၏ကိုယ်စား ထုတ်ဖော်ကာ ဟောကြားသဖြင့် သာသိ ပဋ္ဌာန် နည်းလမ်း ဝိပဿနာလုပ်ငန်းတရားသည် ထင်ရှားထွန်း ပေါ်လျက် ရှိပေသည်။ ဤဝိပဿနာ လုပ်ငန်းတရားကို အား

မဟာစည် သတိပဋ္ဌာန်အဖွဲ့

ထားယုံကြည်ကာ လိုက်နာကျင့်သုံးလျက်ရှိသော ရဟန်းရှင်လူ အစပါငြိမ့်လည်း ထောင်သောင်းများစွာ ရှိနေလေပြီ။ သို့ခြင် နေ့ရာမှာ ဝိပဿနာအလုပ်တရားဖြင့် စိတ်ထားတူမျှသော ကျွ ရဟန်းရှင်လူအပေါင်း ထောင်သောင်း များစွာ သည်လည်း သူ့အလိုလိုပင် အစုအဖွဲ့ကြီး ဖြစ်လျက် ရှိနေလေပြီ။

သို့ဖြစ်၍ ကျွအစုအဖွဲ့ကြီးမှာလည်း ခေါ်ဝေါ်လွယ်စေရန် အကျိုးငှါ အမည်သည်ာ ဝိသေသ ရှိသင့်ပါပေသည်။ ထို့ပြင် ကျွအဖွဲ့ကြီးနှင့် အဖွဲ့၏လုပ်ငန်းစဉ်ဖြစ်သော သတိပဋ္ဌာန်ဘာဝနာ ဝိပဿနာ ပဋိပတ် သာသနာတော်မြတ်သည် အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စွာ အရှည် တည်ဘုံသွားစေခြင်း အကျိုးငှါ ည်းမျှဉ်းဥပဒေသည်း မချတ်ကေန် အမှန်ပင် ရှိသင့်လှပါပေ သည်။

သို့ဖြစ်၍ မဟာသတိ ပဋ္ဌာနသုတ် အစရှိသော ဘုရားဟော ဒေသနာတော် များနှင့်အညီ မဟာစည်ဆရာတော် ထုတ်ဖော်၍ ဟောကြားအပ်သော သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာလုပ်ငန်း စဉ်ဖြင့် ကျင့်သုံးအားထုတ်လျက်ရှိသော ရဟန်းရှင်လူအပေါင်း ကို မဟာဝဏ် သတိပဋ္ဌာန်အဖွဲ့ ဟု ခေါ်တွင်စေရန် ကျွအဖွဲ့ဝင် ပဓာန ကမ္မဋ္ဌာန်းဝင်ရိယ အားလုံးတို့က ဘည်တည်တ်ထည်း ဆုံးဖြတ်၍ ဖြတ်၍ ဆတည်ပြုကြသည်။

ထို့ပြင် ကျွမဟာဝဏ်စည် သတိပဋ္ဌာန်အဖွဲ့ဝင် ရဟန်းရှင်လူတို့ နာယူ ကျင့်သုံးရန် အလို့ငှါ သြဝါဒကထာသဘင်ယ ဖြစ်သော ဒေသောက်ပါ စည်းမျဉ်းဥပဒေ (၇)ရပ်တို့ကိုလည်း ၎င်းပဓာန ကမ္မဋ္ဌာနာစရိယ အားလုံးတို့က တညီတညွတ်ထည်း ဆုံးဖြတ်၍ ပြဋ္ဌာန်း ဆတည်ပြုကြသည်။ ၎င်းတို့မှာ-

၁။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များအတွက် စည်းမျဉ်း ဥပဒေ။

၂။ ကမ္မဋ္ဌာနာစရိယ ဥပါဃကာများ အတွက် စည်းမျဉ်း ဥပဒေ။

၃။ ယောဂီရဟန်းတော်များအတွက် စည်းမျဉ်းဝပဒေ။

၄။ ယောဂီ ဥပဿကာ ဥပါသိကာမများအတွက် စည်းမျဉ်း ဥပဒေ။

၅။ ကမ္မဋ္ဌာန်းဌာနဆိုင်ရာ စည်းမျဉ်းဥပဒေ။

ဤ(၅)ရပ်ပင် ဖြစ်သည်။

၁။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များအတွက် စည်းမျဉ်း ဥပဒေများ

[၁] ကမ္မဋ္ဌာနာစရိယ ရဟန်းတော်ဟူရာ၌ အောက်ပါ အရည်အချင်း များနှင့် ပြည့်စုံသော ရဟန်းတော်ကိုသာလျှင် မှတ်ယူရမည်။

(က) ပရိယတ္တိ အရည်အချင်း

(၁) မဟာစည် သတိပဋ္ဌာန် အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်သည် သဒ္ဒါ, သဒ္ဒံဟ်, ဋီကာကျော် စသော ပရိယတ္တိ အခြေခံကျမ်းများကို သင်ကြားလေ့လာဘူးသည့်အပြင် ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကိုလည်း အထိုက်အလျောက် ကြည့်ရှုသုံးသပ်နိုင်သော အရည်အချင်း ရှိစေရမည်၊ အထူးအားဖြင့် ဗရမတ္တ သရုပ်သဘောတို့၌ ပိုင်နိုင်သော အသိဉာဏ်ရှိသည့်အပြင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လည်း လေ့လာပြီး ဖြစ်စေရမည်။

(၂) ဒဋ္ဌမာတိကာ၊ သို့မဟုတ် ဘိက္ခု ပါတိမောက်နှင့်တကွ မဟာသတိပဋ္ဌာန သုတ်ကို အာဂုမ် ဆောင်ထားရမည့် အပြင် မဇ္ဈိမနိကာယ်မှ ဝိပဿနာခိုင်ရာ သုတ်ပေါင်း(၂၀)ထက်မနည်း လေ့လာပြီး ဖြစ်စေရမည်။

(၃) ဝိပဿနာရှုနည်းကျမ်းနှင့် ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်းတို့ကို ကျယ်ပြန့်စွာ ကြည့်ရှုလေ့လာပြီး ဖြစ်စေရမည်။ (ဤစာဝိဒသည် ပရိယတ္တိအာဂုံအချင်းခဲ့ ထဲရှင်းဖြစ်သည်။)

(၄) သီလဖေားခြင်း၊ ဇောတ်ချခြင်း၊ ပရိတ်ရွတ်ခြင်း၊ အနုမောဒနာပြုခြင်း စသော ကိစ္စတို့ဆို ကျမ်းဂန်နှင့်အညီ မှုမှန်ဖြစ်စေရန် ဆောင်ပြောရန်း သင်တန်းတက်ပြီး ပြစ်စေရမည်။ သို့ရာတွင် မူလကပင် အချို့ကျပြီးသော ဘုံဟူလံများမှာ သင်တန်းတက်ရန် မလိုပါ။

(ခ) ပဋိပတ္တိ ဒေသနာနည်းအချင်း

(၁) မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာန်းဆရာဝန်းရိယရဟန်းတော်သည် အများသော ရဟန်းရှင်လူတို့ကြည့်ညိုလေးစားထိုက်သော လင်္ကာပေသလ သိက္ခာကာမ ဂုဏ်နှင့် ပြည့်စုံစေရမည်။

(၂) မဟာစည်ဆရာတော်၏ နည်းနှသူအတိုင်း ဝိပဿနာလုပ်ငန်းကို ပြီးဆုံးသည်တိုင်အောင် အပြည့်အစုံ နိုင်နိုင်နင်းနင်း ကျင့်သုံးအားထုတ်ပြီး ဖြစ်ရမည့်အပြင် ကမ္မဋ္ဌာန်း စစ်မေးခရီးဒွန်လည်း လေ့လာသင်ကြားပြီး ကျမ်းကျင်နိုင်နင်းပြီး ဖြစ်စေရမည်။

(၃) သန္တုဋ္ဌိ၊ သလွေခ၊ အပ္ပကိစ္စ၊ သလ္လဟုကာဂုတို့ စသော ဒေသနာဝါဒစရ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံစေရမည်။

(၄) ခမာ၊ ဇာဂရိယ၊ ဥဒ္ဒာန၊ သံဝိဘာဂ၊ ဒယာ၊ ဣဒ္ဓိဏာဟူသော နာယကကုဏ်အင်္ဂါ (၆) ပါးတို့နှင့်လည်း ပြည့်စုံစေရမည်။

(၅) စိတ်ရှည်ခြင်း၊ သစ္စာဝါဒီ ကြီးခြင်း၊ နှုန်းညှဉ်ပြေပြစ်သောစကားရှိခြင်း၊ ချိုသာသော စကားရှိခြင်း စသော ဝန်ဆောင်ပုဂ္ဂိုလ်တို့၏ ဂုဏ်အင်္ဂါများနှင့်လည်း ပြည့်စုံစေရမည်။

(၆) ရဟန်းသီကျော်၌ အသက်နှင့်မခြား လေးစား ခင်ဝင်တည်ကြည်သော စိတ်နေစိတ်ထား ရှိစေရမည်။

အထက်ပါ ပရိယတ္တိ ပဋိပတ္တိ အရည်အချင်းတို့တွင် ပဋိပတ္တိ အရည်အချင်းသည် ကမ္မဋ္ဌာန်းဆရာမှာ သာ၍လိုပေသည်။သို့ဖြစ်၍ ပဋိပတ္တိ အရည်အချင်း အပိုဒ်ငယ် (၁-၂) ဂုဏ်အင်္ဂါများနှင့် ကောင်းကောင်းပြည့်စုံလျှင်ပင် မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်ဟု အသိအမှတ်ပြုသော သာမန်ဆရာဖြစ်သက်မှတ်ကို ရနိုင်ခွင့်ရှိသည်။ ပရိယတ္တိ အရည်အချင်းပါ ပြည့်စုံလျှင်ကား ဂုဏ်ထူးဆောင်ဆရာအဖြစ် လက်မှတ်ကို ရနိုင်ခွင့်ရှိသည်။

မှတ်ချက် = ဤသို့ အရည်အချင်းအလိုက် သာမန်လက်မှတ်, ဂုဏ်ထူးဆောင် လက်မှတ်တို့ဖြင့် အသိအမှတ်ပြုရန် စီမံချက်မှာ အရည်အချင်း ရှိသော ဆရာတို့ကို ဂုဏ်တင်ရန်, ချီးမြှောက်ရန်အတွက် မဟုတ်ပေ။ အမှန်အားဖြင့်သော်ကား တရားအားထုတ်မည့် ယောဂီတို့မှာ အရည်အချင်းလုံလောက်သော ဆရာများထံမှ လုံလောက်သော နည်းနိဿယ ဩဝါဒများကို ရကြ၍ ချမ်းချမ်းသာသာနှင့် ရသင့်ရထိုက်သော ဉာဏ်ထူး တရားထူးများကို အပြည့်အစုံ ရရှိသွားကြစေရန် အတွက်သာ ရည်ရွယ်၍ စီမံခြင်း ဖြစ်ပေသည်။

မဟာစည် သတိပဋ္ဌာန်အဖွဲ့

[၂] မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာန်းဘာဝနာစရိုယ ရဟန်းတော်သည် မြတ်စွာဘုရား ပညတ်တော် မူဇာပ်သော ဝိနည်းသိက္ခာပုဒ်တော်များကို အသက်ပမာထား၍ လေးစားလုံခြုံစွာ လိုက်နာ ဖောင့်ထိန်းရမည်။ (အထူးသတိရစေရန် ထပ်မံ၍ သတိပေးချက်သာ ဖြစ်သည်။ နောက်နောက် အပိုဒ်များ၌လည်း ဤနည်းချည်း မှတ်လေ)။

၃။ အဘူးအာဒါးပြင့်

(က) နေထိုင်ရေး။
(ခ) သွားလာရေး။
(ဂ) ဝတ်ရုံရေး။
(ဃ) စားသောက်ရေး။
(င) ဟောကြားရေး။
(စ) ပြောဆိုရေး။
(ဆ) ဆက်ဆံရေး။

ဟူသော ဤ(၇)ဌာနတို့၌ အပြင်ကင်း၍ သန့်ရှင်းစင်ကြယ်စေရန် လုံ့လပြုရမည်။ ထိုတွင်-

(က) နေထိုင်ရေးမှာ

(၁) တရားဥပဒေသတို့၏ ကွန်ရှော်-သိက္ခာထက် ပို့မြို့၍ တည်ကြည်ခန့်ငြားသော ကုဋေ သိက္ခာနှင့် ပြည့်စုံစေရမည်။

(၂) မားတုဂါမတို့နှင့်ပင်ဘုံ၌ ပဋ္ဌပဒါဒကင်းရှင်းအောင် နေထိုင်ရမည်။ အဘူးအာဒါးပြင့် အရေးကြီးသော အခြေကျင်းကို စွဲဘဲ မားတုဂါမတို့နှင့် ကင်းဝေးသည်စွာ လက်ခံ၍ ကောင်းစွာဆိုနိုင်ခြင်း မရှိသေး၊ လွဲမှားသွားသည်ဖြင့် ပြောဆိုနိုင်

ရာဌိလည်း ရဟော်နိသင့် မပြစ်ရအောင် သတိရှေဆောင်လျက် နေထိုင်ရမည်။

(၃) မူလရင်း နေမြဲဌာနမဟုတ်လျှင် မည်သည့် ကမ္မဌာန်း ဌာနကိုမျှ ကိုယ်ပိုင် အမြဲတမ်းနေရာအဖြစ်ဖြင့် အစဲမထားမူ၍ ပဓာန နာယက ဆရာတော်များက အကြောင်းအားလျော်စွာ စေလွှတ်ချထားသော ကမ္မဌာန်းဌာနတွင်သာ နေထိုင် စောင့်ရှောက်သွားရန် ထက်သန်သော စိတ်ဆန္ဒရှိစေရမည်။

(ခ) သွားလာရေးမှာ

(၁) ပါသာဒိကေန အဘိက္ကန္တေန စသော ဒေသနာတော် နှင့်အညီ အမှတ်သတိ မကင်းသဖြင့် ကြည့်ညို့ဘွယ်ကောင်းသော သွားလာခြင်း စသည်နှင့် ပြည့်စုံစေရမည်။

(၂) ပရူပဝါဒ ဖြစ်နိုင်သော အချိန်အခါ၌ ၎င်း၊ ပရူပဝါဒ ဖြစ်နိုင်သော ဌာနနှင့် ပုဂ္ဂိုလ်များထံသို့ ၎င်း သွားလာခြင်း မပြုစေရ။

(၃) မြို့တွင်း ရွာတွင်းသို့ သွားသောအခါဖြစ်စေ၊ ခရီး ရှည် သွားသောအခါဖြစ်စေ၊ ဝိနည်းတော်နှင့်အညီ သွားလာ ရမည်။

(ဂ) ဝတ်ရုံရေးမှာ

(၁) ပိန္နဲဆောင်၊ ညောင်ခေါက်ဆိုး ရောင်၊ သင်္ကန်းကိုသာ ဝတ်ရှုသုံးဆောင်ရမည်။

(၂) ဗုဒ္ဓစေတီဘော်များထံသို့ဖြစ်စေ၊ သံဃာအစည်းအဝေး သို့ဖြစ်စေ၊ မထေရ်ကြီးများတံသို့ဖြစ်စေ၊ ပဝေဏာကဲ့သောအခါ၌ လက်ဝဲလက်မောင်းကို လုံရုံဖေသော ပရိမဏ္ဍလ ဝတ်ရုံနည်းဖြင့် ဝတ်ရုံရမည်။

မဟာစည် သတိပဋ္ဌာန်အဖွဲ့

(၃) မြို့တွင်း ရွာတွင်းသို့ သွားသောအခါဖြစ်စေ၊ မြို့တွင်း ရွာတွင်းမှ ဖြတ်သန်း၍ သွားသောအခါဖြစ်စေ၊ သုပ္ပဋိစ္ဆန္နသီကွာပုဒ်နှင့်အညီ သက်နှံးရုံ၍ သွားရမည်။

(၄) မိမိနေရာတွင် နေထိုင်သောအခါဌာလည်း ပါသာဒိက ဖြစ်အောင် ကောင်းစွာဝတ်ရုံလျက် ရှိစေရမည်။

(ဃ) စားသောက်ရေးမှာ

(၁) အကြောင်းထူးမရှိလျှင် ဆွမ်းဘောဇဉ်များကို သပိတ်ဖြင့်သာ ဘုဉ်းပေး သုံးဆောင်နှိုင်ရန် လုံ့လပြုရမည်။

(၂) စားဘွယ်များကို ရပဲလျက် သွားလျက် မစားမူ၍ ထိုင်လျက်သာလျှင် ဣန္ဒြေရရ စားသုံးရမည်။

(၃) အခြောင်းထူးမရှိဘဲ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးဝါးခြင်းများကို (ပါသာဒိက၊ သန္တုဋ္ဌိ၊ သလ္လေခ၊ အပွက်စွဂုဏ် စသည်နှင့် ပြည့်စုံစေခြင်းအကျိုးငါး) ကြဉ်ရှောင်ရမည်။

(င) ဟောကြားရေးမှာ

(၁) မိမိတို့၏ ကမ္မဋ္ဌာန်းဌာနဌ် ဝါလျှင် ၄-ကြိမ်ဖြစ်စေ ၂-ကြိမ်ဖြစ်စေ၊ ပိယသုဝလုပ်ငန်းစဉ်တရားကို မဟာစည်ဆရာတော်၏ ယူဆ ဟောပြောပုံအတိုင်း ဒေသနာတော်နှင့်အညီ ဟောပြောရမည်။

မှတ်ချက်.... ဤဌဲ့ ဒေသနာတော်နှင့်အညီ ဟူသော အပိုဒ်ဖြင့် ဒေသနာတော်နှင့် မညီသည်ကို မဟောရန် တားမြစ်ထားသည်။ ဟောပြောပုံဟူသည်မှာ အသံနေအသံထား၌ အထူးပြုပြင်မှု မရှိဘဲ ပကာသိ စကားပြော သကဲ့သို့ ရိုးရိုးဟောပြောခြင်းကို ဆိုလိုသည်။

(၂) ပြင်ပ တရားပွဲမျာ်းခ်ဳ မူကား တရားနာပုဂ္ဂိုလ်တို့၏ အဇ္ဈာသယကို ထောက်ချင့်၍ သဒ္ဓါပသန္နဖြစ်စေခြင်းငှါ သင့်လျော်သလိုဟောပြောနိုင်ခွင့် ရှိပေ၏။ သို့သော် ဝိနည်းတော်နှင့် အညီ တည်ကြည်ခန့်ငြားသော အသံဖြင့်သာ ဟောကြားရမည်။

(၃) ကမ္မဋ္ဌာန်း စစ်မေးရာ၌ ယောဂီတို့၏ ဉာဏ်အဆင့် အတန်းအားလျော်စွာ တိုးဘက်သည်ထက် တိုးတက်စေခြင်းငှါ သင့်လျော်သော တရားမျာ်းကို ဟောကြားခြင်း၊ ယောဂီတို့၏ သန္တာန်၌ ဖြစ်ပေါ်နေသော သတိ သမာဓိ ဉာဏ်မျာ်းကို ထိုက်တန်သလောက် ချီးမြှောက်၍ အားပေးခြင်း၊ ရှုမှတ်မှုဖြင့်ပင် သီလ သမာဓိ ပညာ ဖြစ်လာပုံ၊ ဗောဓိပက္ခိယတရားမျာ်း ပြီးစီးသွားပုံ စသည်တို့ကို ရှင်းလင်းဖေါ်ပြခြင်း စသော အားပေး တရားမျာ်းကို ယောဂီတို့မှာ ဝိတ်တက်ကြွလာသည့်တိုင်အောင် ဟောကြားရမည်။

(၄) တရားဟောရာ ကမ္မဋ္ဌာန်း စစ်မေးရာတို့၌ မယုံကြည်သော ဥပမာနှင့် ဟာသကထာတို့ကို ထည့်သွင်း၍ မပြောမိစေရန် အထူးသတိပြုရမည်။ ဟာသကထာကိုကား ယုံကြည်ငြားသော်လည်း နည်းပါးနိုင်သမျှ နည်းပါးစေရန် သတိပြုရမည်။

(၅) ကမ္မဋ္ဌာန်းဆရာဘဝ စစ်မေးနေသော ယောဂီအား ၎င်းဆရာက ခွင့်မပြုဘဲ ဝင်ရောက်စွက်ဖက်၍ စစ်မေးခြင်း ဆုံးဖြတ်ခြင်းမျာ်းကို မပြု၊

(၆) မဟာဝည်ဆရာတော် နည်းလမ်း ညွှန်ပြဆားသည့် အတိုင်း တပည့် ယောဂီတို့အား ရှေ့ရှုထိုက်သော သမာဓိ ဉာဏ်အဆင့်မျာ်း အကြောင်းမဲ့ပြည့်စုံစေရန် တင်းတင်းရင်းရင်း တိတိကျကျ ဆရာ့တာဝန် မလိုရအောင် ညွှန်ပြတိုက်တွန်းရမည်။

(၇) ယောဂီမများကို ကမ္မဋ္ဌာန်းစစ်မေးရာဌာနမှာ အများမြင်သာသောဌာန ဖြစ်စေရမည့်အပြင် ၎င်းဌာနသို့ ထိုက်သင့်သလို အပေါင်းလိုက် အစုလိုက် ခေါ်ယူပြီးလျှင် နေ့ခင်းအချိန်တွင်သာ စစ်မေးဟောပြောရမည်။ ထိုပြင် သီကြားလိမ္မာသော ယောကျ်ားပုဂ္ဂိုလ်လည်း အနီးဌာ ရှိစေရဦးမည်။

(၈) ယောဂီမတို့အား ကမ္မဋ္ဌာန်းပေးရာဌာနမှာ အများမြင်သာသောနေရာ ဖြစ်စေရမည့်အပြင် သီကြားလိမ္မာသော ပုဂ္ဂိုလ်လည်း အနီးဌာ ရှိစေရမည်။ ထိုပြင် အစကြောင်းအား လျော်စွာ ညဉ့်အခါဌာ ကမ္မဋ္ဌာန်းပေးရလျှင်, ထိန်ထိန်လင်းသော မီးဆောင်လည်း ရှိစေရဦးမည်။

(၉) စာရှက်စာတမ်း ကျမ်းစာအုပ် များကို "ပုံနှိပ်ခွင့်ရှိသော မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ဆရာတော်တပါးပါး ဆီမှ ခွင့်ပြုချက်မရှိဘဲ" မဟာစည်ဆရာတော်၏ ဝိပဿနာ နည်းနိဿျအပြစ်ဖြင့် ရေးသားခြင်း ပုံနှိပ်ထုတ်ဝေခြင်း မပြုရ။

(၀) ပြောဆိုရေးမှာ

(၁) တိရစ္ဆာန်ကထာကို ပယ်ရှားခြင်း ကထာတွဲဆယ်ပါး ကိုသာ ပြောဆိုနိုင်ရန် လုံ့လပြုရမည်။

(၂) ဒုဿီလတဝါဒီ ဖြစ်သော ပြက်ရယ် ပြောင်လှောင်မှုများကို မပြုရ၊

(၃) နက်နဲသောစကား၊ ဟုတ်မှန်၍ အကျိုးရှိသောစကား၊ အလေးပြုလောက်သောစကား၊ မှတ်သားဘွယ် ကောင်းသော စကား၊ ဝမ်းမြောက်ဘွယ်ကောင်းသော စကား- ဤသို့သော စကားများကိုသာ ပြောဆိုနိုင်ရန် လုံ့လပြုရမည်။

(၄) ကြမ်းတန်းသောစကား၊ ကြိမ်းမောင်းချုပ်ချယ်သော စကားမျှားကို မပြောမဆိုမိစေရန် သတိပြုရမည်။

(၅) ကျုပ်၊ ကျွန်တော်၊ ခင်ဗျားစသော ဂိဟိဝေါဟာရ မျှားကို မသုံးစွဲမိစေရန် သတိပြုရမည်။

(၆) ဘုန်းကြီး၊ ဆရာတော်၊ ဒါယကာကြီး၊ ဒါယိကာ မကြီးစသော သမဏဂေါဟာရ မျှားကိုသာ သုံးစွဲရန် သတိပြုရမည်။

(၇) ရဟန်း အချင်းချင်း ပြောဆိုရာ၌လည်း၊ (ဘုရား ဘဝည့်တော်၊ အရှင်ဘုရား)စသော သမဏဂေါဟာရမျှားကို သာ သုံးစွဲရမည်။

(၈) မိမိကိုယ်ကို ချီးမြှောက်၍ ပြောဆိုခြင်း၊ သူတပါးကို နှိမ့်ချ၍ ပြောဆိုခြင်းမျှားမှ လုံးဝ ရှောင်ကြဉ်ရမည်။

(၉) ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်၊ ဘူတာရောစနသိက္ခာပုဒ် ဘို့ဖြင့် ယုံမှားမဖြစ်စေခြင်း အကျိုးငှါ အင်္ဂါယမေမကို မိမိနှင့် စပ်လျဉ်း၍ မပြောကြားမိစေရန် အထူးသတိထားရမည်။

(၁၀) အရိယဓမ္မနှင့် စပ်လျဉ်း၍ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဆိုးဖြတ်ပြောဆိုခြင်း မရှိစေရ။

(၁၁) သဘာဂဖြစ်သော သီတင်းသုံးဘော်မျှား၏ ချို့ယွင်းချက်ကို ကြားသိတွေ့မြင်ရလျှင် မမြော်မှော ဂရုဏာ ရှေထား၍ သတိပေး ပြောဆိုနိုင်ရမည်။

(၁၂) သီတင်းသုံးဘော်မျှားက မိမိ၏ ချို့ယွင်းချက်ကို ကြားသိတွေ့မြင်ရ၍ သတိပေးပြောဆိုလျှင် ဝမ်းမြောက်ကြည်သာစွာဖြင့် သည်းခံနိုင်, ပြင်ဆင်နိုင်ရမည်။

(၁၇) သီတင်းသုံးဘော်များက ဓမ္မ ဝိနယဖြင့် သတိပေး ဆုံးမလျှင် ဝမ်းမြောက်ကြည်သာ ရှိသေစွာ နာခံနိုင်ရမည်။

(၁၈) သမယန္တရပုဂ္ဂိုလ်များနှင့် တရားငြင်းခုံ ပြိုင်ဆိုင်ခြင်း အလျှင်းမရှိစေရ။

(ဆ) ဆက်ဆံစရာမှာ

(၁) လင်္ဂပေသလ သိက္ခာကာမဖြစ်သည်ဟု ယုံကြည်ရသော ပုဂ္ဂိုလ်တိုင်းနှင့် ပစ္စယသမ္ဘာဝက ဓမ္မသမ္ဘာဝအားဖြင့် ပေါင်း သင်းဆက်ဆံနိုင်ခွင့် ရှိသည်။

အဓိပ္ပါယ် ပေါ်ပြူလျက်....ကိုယ့်ပစ္စည်းကို ပေးကမ်း ချီးမြှောက် ခြင်းနှင့် သူ့ထံမှ ပစ္စည်းကို ခံယူ၍ သုံးစွဲခြင်းသည် ပစ္စယသမ္ဘာဝက မည်၏။ ထိုနည်းတူစွာပင် တရားဓမ္မ သြဝါဒ အပေးအယူဖြင့် ဓမ္မသမ္ဘာဝကို သိအပ်၏။ ဤမျှကိုသာ ရည်ရွယ်သည်။

(၂) မဓေရ်ကြီးများအား ဂါရဝ၊ နိဝါတ ရှေထားခြင်း၊ သမာန၊ နဝကပုဂ္ဂိုလ်တို့အား မေတ္တာ ဂရုဏာ ရှေထားခြင်း၊ နှုးညံ့သိမ်မွေ့သော ကိုယ်အမူအယာ၊ နှုတ်အမူအယာတို့ဖြင့် ပဋိသန္ဓာရစ်တ် မခွဲခြင်စေရန် လုံလုပ်ရမည်။

(၃) ဒါယကာ ဒါယိကာမတို့နှင့် ဆက်ဆံရာ၌ ကုလသဒ္ဓါ နှုံကိခွါ ဟူသော ဒေသနာတော်နှင့် အညီ၊ ကုလဒူသန၊ အနေသနတို့ကို ဝေးခွာ ရှောင်ကြဉ်၍ သဟနန္ဒိ-သဟသောဏ် တို့၏ ဒဓကြွေးငြင်းပြဿနာ ဂေယျဆေးတပေမဖြင့် ရင်းနှီးစွာ ဆက်ဆံခွင့် မရှိစေရန် အကူးသတိပြုရမည်။

(၄) ကမ္ဗဋ္ဌာနိုးစစ်မေးရာ၌ တပည့်ယောဂီဟူသည် မိမိတို့၏ သမာဓိဉာဏ် အင်္ဂဇများကို ဟုတ်မှန်သည့်အတိုင်း ရဲရဲဝံ့ဝံ့ မရှုံ

မကြောက် ပြောကြားနိုင်စေရန် အလို့ငှါငင်း၊ စိတ်အားတက်ကြွလာစေရန် အလို့ငှါငင်း ကမ္မဋ္ဌာန်းဆရာမှာ သင့်လျော်သလို လိုက်လျော၍ ဖေါ်ဖေါ်ရွေရွေ ပြောဆိုနိုင်ခွင့်ရှိသော်လည်း အခြားကာလမျှားဌာမှုကား ထိုသို့သော ပြောဆိုဆက်ဆံမှုမျှား မရှိစေမူ၍ တည်ကြည်ခံညားသော ပြောဆိုခြင်းဖြင့် သာလျှင် ကွန်ရှေရရ ပြောဆို ဆက်ဆံရမည်။ အထူးအားဖြင့် မှုကား ထိုအခြားကာလ ဆက်ဆံရေးတွင် ဥပါသိကာမမျှားနှင့် ဆက်ဆံရာ၌ သာ၍တည်ကြည်ခံ့ညားခြင်း ရှိစေရမည်။

(၅) တပည့် ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရား အလျောက် ပေးလှူခြင်းမှတပါး ဉာတိပဝါရိတ မဟုတ်သော ပုဂ္ဂိုလ်တို့ထံမှ အလှူခံခြင်း၊ အလျင်းမရှိစေရ။

၁။ ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ အာတွက် စည်းမျဉ်းဥပဒေများ ကျိတ်ငင် ပြည့်စုံပြီ။

၂။ ကမ္မဋ္ဌာနာစရိယ ဥပါသကာများအတွက် စည်းမျဉ်းဥပဒေများ

[၁] ကမ္မဋ္ဌာနာစရိယ ဥပါသကာ ဟူသော် အောက်ပါ အရည်အချင်းများနှင့်ပြည့်စုံသော ဥပါသကာကိုသာလျှင်မှတ်ယူရမည်။

(က) ပရိယတ္တိ အရည်အချင်း

(၁) မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာသည် ကျမ်းဂန် ဗဟုသုတ အတော်အတန် ရှိသည့်အပြင် ပရမတ္ထ သရုပ်သဘောတို့၌ ပိုင်နိုင်သော အသိဉာဏ်လည်း ရှိစေရမည်။

(၂) မဟာသတိပဋ္ဌာန် သုတ် ပါဠိ, နိဿကို အာဂုံဆောင်ထားရမည်။

(၃) ဝိပဿနာရှုနည်းကျမ်းနှင့် ကမ္မဋ္ဌာန်းဆရာတို့၏ မှတ်တမ်းတို့၌ ကျွေးပြန်စာ ကြည့်ရှုလေ့လာပြီး ဖြစ်စေရမည်။ (ဤအဝိန်သည် ပရိယတ္တိအရည်အချင်း၌ လိုရင်းဖြစ်၏)

(ခ) ပဋိပတ္တိ အရည်အချင်း

(၁) မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာသည် အများသော ရဟန်းရှင်လူတို့ ကြည်ညို လေးစားထိုက်သော ကိုယ်ကျင့်သိလနှင့် ပြည့်စုံစေရမည်။

(၂) မဟာစည်ဆရာတော်၏ နည်းနိဿအတိုင်း ဝိပဿနာလုပ်ငန်းကို ပြီးဆုံးသည်တိုင်အောင် အပြည့်အစုံ နိုင်နိုင်နင်းနင်း ကျင့်သုံး အားထုတ်ပြီး ဖြစ်စေရမည့်အပြင် ကမ္မဋ္ဌာန်းစစ်မေးရေးခွဲလည်း လေ့လာသင်ကြားပြီး ကျမ်းကျင်နိုင်နင်းပြီး ဖြစ်စေရမည်။

(၃) ခမာ၊ ဇာဂရိယ၊ ဥဒ္ဒါန၊ သံဝိဘာဂ၊ ဒယာ၊ ဣက္ခဏာ "ဟူသော နာယကဂုဏ်အင်္ဂါ (၆)ပါးနှင့်လည်း ပြည့်စုံစေရမည်။

(၄) စိတ်ရှည်ခြင်း၊ သဘောထားကြီးခြင်း၊ နူးညံ့ပြေပြစ်သော စကားရှိခြင်း၊ ချိုသာသောစကား ရှိခြင်း စသော ဝန်ဆောင်ပုဂ္ဂိုလ်တို့၏ ဂုဏ်အင်္ဂါများနှင့်လည်း ပြည့်စုံစေရမည်။

အထက်ပါ ပရိယတ္တိ, ပဋိပတ္တိ အရည်အချင်းဝိုင်းတွင် ပဋိပတ္တိ အရည်အချင်းသည် ကမ္မဋ္ဌာန်းဆရာမှာ သာ၍လိုပေသည်။ သို့ဖြစ်၍ ပဋိပတ္တိ အရည်အချင်း အပိုဒ်ငယ် (၁) (၂)ဂုဏ်အင်္ဂါများနှင့် ကောင်းကောင်း ပြည့်စုံလျင်ပင် မဟာစည် သတိပဋ္ဌာန် အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာဟု အသိအမှတ်ပြုသော သာမန်ဆရာဖြစ် လက်မှတ်ကို ရနိုင်ခွင့်ရှိသည်။ ပရိယတ္တိ အရည်အချင်းပါ ပြည့်စုံလျင်ကား ဂုဏ်ထူးဆောင် ဆရာဖြစ်လက်မှတ်ကို ရနိုင်ခွင့်ရှိသည်။

မှတ်ချက်....ဤဥဒ္ဒေသည်း အရည်အချင်း အလိုက် လက်မှတ်ပြုနှင့် အသိအမှတ်ပြုရန် စီမံချက်မှာ ရဟန်းတော်များ၏ အရည်အချင်းကို သတ်မှတ်ရာ၌ စီမံချက်အတိုင်းပင် ဖြစ်သည်။

[၂] မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ ဥပါသကာသည် လူတို့၏ဆိုင်ရာကိုယ်ကျင့်သိလများကို အာသင်္ကာ ထား၍ လေးစားလုံခြုံစွာ ကျင့်သုံးစောင့်ထိန်းရမည်။

[၃] အထူးအားဖြင့်....

(က) နေတိုင်ရေး။

(ခ) သွားလာရေး။

မဟာစည် သတိပဋ္ဌာန်အဖွဲ့

(ဂ) ဝတ်ရုံရေး။
(ဃ) ဟောကြားရေး။
(င) ပြောဆိုရေး။
(စ) ဆက်ဆံရေး....

ဟူသော ဤ(၄)ဌာနတို့၌ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်စေရန် လုံ့လပြုရမည်။ ထို့တွင်....

(က) နေထိုင်ရေးမှာ

(၁) တပည့်ဖြစ်သူ တို့၏ ဣန္ဒြေသိက္ခာထက် ပို၍ တည်ကြည်မှုညားသော ဣန္ဒြေသိက္ခာနှင့် ပြည့်စုံစေရမည်။

(၂) တပည့် ယောဂီမတို့နှင့် စပ်လျဉ်း၍ ပရူပဝါဒ ကင်းရှင်းမှုအောင် နေထိုင်ရမည်။ အထူးအားဖြင့် အရေးကြီးသော အကြောင်းကိစ္စ မရှိဘဲ တပည့် ယောဂီမတို့နှင့် ကြာရှည်စွာ လက်ခံ၍ စကားပြောဆို နေထိုင်ခြင်း မရှိစေရ၊ မလွဲမရှောင်သာသဖြင့် ပြောဆို နေထိုင်ရာ၌လည်း တယောက်ချင်းချင်း မပြုစေရန် သတိပြုရမည်။

(ခ) သွားလာရေးမှာ

(၁) ပါသာဒိကေန အဘိက္ကန္တေန စသော ဒေသနာတော်နှင့်အညီ အမှတ်သတိမကင်းသဖြင့် ကြည်ညိုဘွယ်ကောင်းသော သွားလာခြင်းစသည်နှင့် ပြည့်စုံစေရမည်။

(၂) ပရူပဝါဒ ဖြစ်နိုင်သော အချိန်အခါ၌ရှင်း၊ ပရူပဝါဒ ဖြစ်နိုင်သော ဌာနနှင့် ပုဂ္ဂိုလ်မျှားဆံသို့ရှင်း သွားလာခြင်း မပြုစေရ။

(ဂ) ဝတ်ရုံရေးမှာ

(၁) ကမ္မဋ္ဌာန်းစစ်မေးသော အချိန်အခါမျှားဌိုင်း၊ တရား ဟောပြော သော အခါမျှားဌိုင်း ကမ္မဋ္ဌာန်းဆရာ၏ ဂုဏ်ကြွက်သရော်ကို ဆောင်နိုင်သော အဝတ်အရုံမျှားနှင့် ပြည့်စုံစရမည်။

(ဃ) ဟောကြားရေးမှာ

(၁) မိမိတို့၏ ကမ္မဋ္ဌာန်းဌာနဌိ တလသျင် ၄-ကြိမ်ဖြစ်စေ, ၂-ကြိမ်ဖြစ်စေ၊ ဝိပဿနာလုပ်ငန်းစဉ်တရားကို မဟာစည်ဆရာတော်၏ ယူဆ ဟောပြောပုံအတိုင်း ဒေသနာတော်နှင့်အညီ ဟောပြောရမည်။

(၂) ပြင်ပ တရားပွဲမျှားဌိ မူကား တရားနာပရိသတ်တို့၏ အစွမ်းသတ္တိကို ထောက်ချင့်၍ သဒ္ဓါပသန္နဖြစ်စေခြင်းငှါ သင့်လျော်သလိုဟောပြောနိုင်ခွင့် ရှိပေ၏။သို့သော် ကမ္မဋ္ဌာန်းဆရာ၏ ဂုဏ်သိက္ခာနှင့်လျော်စွာ တည်ကြည်ခံ့ညားသော အသံဖြင့်သာ ဟောကြားရမည်။

(၃) ကမ္မဋ္ဌာန်း စစ်မေးရာဌိ ယောဂီတို့၏ ဉာဏ်အဆင့်အတန်းအားလျော်စွာ တိုးတက်သည်ထက် တိုးတက်စေခြင်းငှါ သင့်လျော်သော တရားမျှားကို ဟောကြားခြင်း၊ ယောဂီတို့၏ သန္တာန်ဌိ ဖြစ်ပေါ်နေသော သတိ သမာဓိ ဉာဏ်မျှားကို ထိုက်တန်သလောက် ချီးမြှောက်၍ အားပေးခြင်း၊ ရှုမှတ်မှုဖြင့်ပင် သီလ သမာဓိ ပညာ ဖြစ်လာပုံ၊ ဗောဓိပက္ခိယတရားမျှား ပြီးစီးသွားပုံ စသည်တို့ကို ရှင်းလင်းဖေါ်ပြခြင်း စသော အားပေး တရားမျှားကို ယောဂီတို့မှာ စိတ်ဘက်ကြွလာသည့်တိုင်အောင် ဟောကြားရမည်။

(၄) တရားဟောရာ ကမ္မဋ္ဌာန်း စစ်ဆေးရာတို့၌ မယဉ်ကျေးသော် ဥပမာနှင့် ဟာသကထာတို့ကို ထည့်သွင်း၍ မပြောမိစေရန် အထူးသတိပြုရမည်။ ဟာသကထာကိုကား ယဉ်ကျေးငြားသော်လည်း နှည်းပါးနိုင်သမျှ နှည်းပါးစေရန် သတိပြုရမည်။

(၅) ကမ္မဋ္ဌာန်းဆရာဘဉီး စစ်မေးနေသော ယောဂိအား ၎င်းဆရာက ခွင့်မပြုဘဲ ဝင်ရောက်စွက်ဖက်၍ စစ်မေးခြင်း ဆုံးဖြတ်ခြင်းများကို မပြုရ။

(၆) မဟာစည် ဆရာတော် နှည်းလမ်း ညွှန်ပြထားသည့် အတိုင်း တပည့် ယောဂိတို့အား ရသင့်ရထိုက်သော သမာဓိ ဉာဏ်အဆင့်များ အကြွင်းမဲ့ပြည့်စုံစေရန် တင်းတင်းရင်းရင်း တိတိကျကျ ဆရာ့တာဝန် မလိုရအောင် ညွှန်ပြတိုက်တွန်းရမည်။

(၇) ယောဂိမများကို ကမ္မဋ္ဌာန်းစစ်မေးရာဌာနမှာ အများမြင်သာသောဌာန ဖြစ်စေရမည့်အပြင် ၎င်းဌာနသို့ ထိုက်သင့်သလို အပေါင်းလိုက် အစုလိုက် ခေါ်ယူပြီးလျှင် နေ့ခင်းအချိန်၌သာ စစ်မေး ဟောပြောရမည်။ အနီးအပါး၌ အခြား ယောဂိအပေါ်လည်း ရှိစေရဦးမည်။

(၈) ယောဂိမတို့အား ကမ္မဋ္ဌာန်းပေးရာဌာနမှာ အများမြင်သာသောနေရာ ဖြစ်စေရမည့်အပြင် အနီးအပါး၌ အခြား ယောဂိအပေါ်လည်း ရှိစေရဦးမည်။ ထိုပြင် အကြောင်းအားလျော်စွာ ညွှန်အခါ၌ ကမ္မဋ္ဌာန်းပေးရလျှင် ထိန်ထိန်လင်းသော မီးဆောင်လည်း ရှိစေရဦးမည်။

(၉) စာရွက်စာတမ်း ကျမ်းစာအုပ် များကို "ပုံနှိပ်ခွင့် ရှိသော မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ဆရာတော်တပါးပါး

ထံမှ ခွင့်ပြုချက်မရှိဘဲ" မဟာစည်ဆရာတော်၏ ဝိပဿနာ နည်းနိသျအဖြစ်ဖြင့် ရေးသား၍ ပုံနှိပ်ထုတ်ဝေခြင်း မပြုရ။

(c) ပြောဆိုရေးမှာ

(၁) တိရစ္ဆာန်ကထာကို ပယ်ရှား၍ ကထာဝတ္ထုဆယ်ပါး ကိုသာ ပြောဆိုနိုင်ရန် လုံ့လပြုရမည်။

(၂) ပြက်ရယ် ပြောင်လှောင်မှုစကားမျိုးကို မပြောဆိုမိ စေရန် သတိပြုရမည်၊

(၃) နက်နဲသောစကား၊ ဟုတ်မှန်၍ အကျိုးရှိသောစကား၊ အလေးပြုလောက်သောစကား၊ မှတ်သားဘွယ် ကောင်းသော စကား၊ ဝမ်းမြောက်ဘွယ်ကောင်းသော စကား– ဤသို့သော စကားမျိုးကိုသာ ပြောဆိုနိုင်ရန် လုံ့လပြုရမည်။

(၄) ကြမ်းတန်းသောစကား၊ ကြိမ်းမောင်းချုပ်ချယ်သော စကား ကဲ့ရဲ့ရှုံ့ချသောစကား၊ ဤသို့မသာ စကားမျိုးကိုမပြော မဆိုမိစေရန် သတိပြုရမည်။

(၅) မိမိကိုယ်ကို ချီးမြှောက်၍ ပြောဆိုခြင်း၊ သူတပါးကို နှိမ့်ချ၍ ပြောဆိုခြင်းမျိုးမှ လုံးဝ ရှောင်ကြဉ်ရမည်။

(၆) အရိယာမဟုတ်သူနှင့် စပ်လျဉ်း၍ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဆုံးဖြတ်ပြောဆိုခြင်း မရှိစေရ။

(၇) သာဘာဂဖြစ်သော သီတင်းသုံးဖော်မျိုး၏ ချို့ယွင်း ချက်ကို ကြားသိ တွေ့မြင်ရလျှင် မေတ္တာ ဂရုဏာ ရှေထား၍ သတိပေး ပြောဆိုနိုင်ရမည်။

(၈) သီတင်းသုံးဖော် မျိုးက မိမိ၏ ချို့ယွင်းချက်ကို ကြားသိ တွေ့မြင်ရ၍ သတိပေးပြောဆိုလျှင် ဝမ်းမြောက်ကြည်သာစွာဖြင့် သည်းခံနိုင်, ပြင်ဆင်နိုင်ရမည်။

မဟာစည် သတိပဋ္ဌာန်အဖွဲ့

(၉) ဝါဒမတူသော ပုဂ္ဂိုလ်များနှင့် တရားငြင်းခုံ ပြိုင်ဆိုင်ခြင်း အလျဉ်းမရှိစေရ။

(စ) ဆက်ဆံရေးဖွဲ့

(၁) ဂုဏဝန္တ, ဝယဝန္တရှိသော ပုဂ္ဂိုလ်တို့အား ဂါရဝ နိဝါတ ရှေထားရှိခြင်း၊ အခြားပုဂ္ဂိုလ်တို့အားမေတ္တာ ဂရုဏာ ရှေထား ရှိခြင်း နှုးညံ့သိမ်မွေ့သော ကိုယ်အမူအရာ နှုတ်အမူအရာတို့ဖြင့် ပေပြပြစ်စွာ ပေါင်းသင်းဆက်ဆံနိုင်ရန် လုံ့လပြုရမည်။

(၂) တပည့်ယောဂီတို့နှင့် ဆက်ဆံရာ၌ ဂေဟသိတ ပေမ ဖြင့် ရင်းနှီးစွာ ဆက်ဆံခြင်း မရှိစေရန် အထူးသတိပြုရမည်။

(၃) ကမ္မဋ္ဌာန်းစစ်မေးရာ၌ တပည့်ယောဂီတို့သည် မိမိတို့၏ သမာဓိညာဏ် အတွေ့များကို ဟုတ်မှန်သည့်အတိုင်း ရဲရဲဝံ့ဝံ့ မရှုံ မနှကြောက် ပြောကြားနိုင်စေရန် အလိုဥဿုဂုဏ်း၊ စိတ်အား တက်ကြွလာစေရန် အလိုဥဿုဂုဏ်း၊ ကမ္မဋ္ဌာန်းဆရာမှာ သင့်လျော် သလိုလိုက်လျောရှိ ဖေါ်ဖေါ်ရွေရွေ ပြောဆိုနိုင်ခွင့် ရှိသော်လည်း အခြားကာလများ၌မူကား ထိုသို့သော ပြောဆိုဆက်ဆံ မှုများ မရှိစေမူရှိ တည်ကြည်ခံ့ညားသော ပြောဆိုခြင်းဖြင့် သာလျှင် ကွန်ရှေရရ ပြောဆိုဆက်ဆံရမည်။အထူးအားဖြင့်မူကား ထိုအခြားကာလ ဆက်ဆံရေးတွင် တပည့် ယောဂီများနှင့် ဆက်ဆံရာ၌ သာ၍ တည်ကြည်ခံ့ညားခြင်း ရှိစေရမည်။

(၄) သဒ္ဓါတရားအလျောက် ပေးလှူသည်မှတပါး ကိုယ့် အကျိုး ကိုယ့်စီးပွါးအတွက် အလှူခံခြင်း အလျဉ်းမရှိစေရ။

၂။ ကမ္မဋ္ဌာနာစရိယ ဥပါသကာများအတွက်

စည်းမျဉ်းဥပဒေများ

ဤတွင်ပြည့်စုံပြီ။

၃။ ယောဂီရဟန်းတော်များအတွက် စည်းမျဉ်းဥပဒေများ

[၁] ယောဂီရဟန်းတော်ဟူရာ၌ အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသော ရဟန်းတော်ကိုသာလျှင် မဟာစည် သတိပဋ္ဌာန် ကမ္မဋ္ဌာန်း ဌာနများ၌ ယောဂီရဟန်းတော်ဟု အသိအမှတ်ပြု၍ လက်ခံရမည်။

(က) ပါတိမောက် သိက္ခာပုဒ်များ၌ လေ့လာသင်ကြားသိနားလည်ပြီး ဖြစ်စေရမည်။

(ခ) ဂရုကအာပတ်၌ သံသယကင်း၍ သီလဝိသုဒ္ဓိပြည့်စုံပြီး ဖြစ်စေရမည်။

(ဂ) ဆရာသမား၊ သို့မဟုတ် လုံလောက်သော ပုဂ္ဂိုလ် တဦးဦး၏ ထောက်ခံချက် ရှိစေရမည်။

(ဃ) မဟာစည်ဆရာတော်၏ ဩဝါဒအရ သိက္ခာသင်တန်းကို တက်ရောက်သင်ကြားပြီး ဖြစ်စေရမည်။ သို့ရာတွင် မူလကပင် အချိုးကျပြီးသော ပုဂ္ဂိုလ်မှာ သင်တန်းတက်ရန် မလိုတော့ပါ။

(င) အနာကြီးငါးမျိုး စွဲကပ်ခြင်း၊ ခြေလက်အင်္ဂါ ချို့တဲ့ခြင်းစသော ပရိဿဒူသန အပြစ်တို့မှ ယောဘူယအားဖြင့် ကင်းရှင်းစေရမည်။

အထက်ပါ အရည်အချင်း များနှင့် ပြည့်စုံမှသာလျှင် မဟာစည် သတိပဋ္ဌာန်ကမ္မဋ္ဌာန်းဌာနများ၌ ယောဂီရဟန်းတော်ဟု အသိအမှတ်ပြု၍ လက်ခံရမည်။

(၂၉) မဟာစည် သတိုပဋ္ဌာန်အဖွဲ့

[၂] မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ယောဂီရဟန်းတော်သည် ဝိနည်းသိက္ခာပုဒ်တော်များကို အသက်ပမာထား၍ မချတ်မယွင်း ကျင့်သုံးစောင့်ထိန်းရမည်။

[၃] အထူးအားဖြင့်

(က) နေထိုင်ရေး။

(ခ) သွားလာရေး။

(ဂ) ဝတ်ရုံရေး။

(ဃ) စားသောက်ရေး။

(င) ဟောကြားရေး။

(စ) ပြောဆိုရေး။

(ဆ) ဆက်ဆံရေး။

ဟူသော ဤ(၇)ပဒေသတို့၌ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ် စေရမည်။ ထိုတွင်-

(က) နေထိုင်ရေးမှာ

(၁) အညောမေ အာကပ္ပေါ ကရဏီယော- ဟူသော ဒေသနာတော်နှင့်အညီ လူဝတ်ကြောင်တို့၏ အသွင်အပြင် အမူအယာနှင့် မတူစေဘဲ သမဏ သာရုပ်ဖြစ်သော ရဟန်းတော်တို့၏ အသွင်အပြင် အမူအရာ ကွာခြားသိက္ခာတို့နှင့် ပြည့်စုံစေရမည်။

(၂) မာတုဂါမတို့နှင့် စပ်လျဉ်း၍ ပရိပဝါဒ ကင်းရှင်းသောအိမ် နေထိုင်ရမည်။

(၃) နိဿယ မုစ္စကအင်္ဂါ မပြည့်စုံသေးလျှင် နိဿည်းယူ၍ နေထိုင်ရမည်။

(ခ) သွားလာရေးမှာ

(၁) ပါသာဒိကေန အာဘိက္ကန္တေနစသောဒေသနာတော်နှင့် အညီ အမှတ်သတိ မကင်းသဖြင့် ကြည်ညိုဘွယ်ရာ ကောင်းသော သွားလာခြင်း စသည်နှင့် ပြည့်စုံစေရမည်။

(၂) ပရူပဝါဒ ဖြစ်နိုင်သော အချိန်အခါ၌ဌင်း၊ ပရူပဝါဒ ဖြစ်နိုင်သော ဌာနနှင့် ပုဂ္ဂိုလ်များထံသို့ဌင်း သွားလာခြင်း မရှိစေရ။

(၃) မြို့တွင်း ရွာတွင်းသို့ သွားသောအခါဖြစ်စေ၊ ဧရိုးရှည် သွားသောအခါဖြစ်စေ ဝိနည်းတော်နှင့်အညီ သွားလာရမည်။

(၄) ကျွန်းမာပါလျက် ဆိုက်ကား, မြင်းလှည်း, စသည် စီးခြင်း မရှိစေရ။

(ဂ) ဝတ်ရုံရေးမှာ

ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ၏ ဝတ်ရုံရေး စည်းမျဉ်း ဥပဒေ (၄)ပိုဒ်လုံးအတိုင်း လိုက်နာ ကျင့်သုံးရမည်။

(ဃ) စားသောက်ရေးမှာ

(၁) ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ၏ စားသောက်ရေး စည်းမျဉ်းဥပဒေ (၃)ပိုဒ်လုံး အတိုင်း လိုက်နာကျင့်သုံးရမည့် အပြင်....

(၂) နိဿဂ္ဂိယပစ္စည်း၊ အဓမ္မိယပစ္စည်းများ လုံးဝ ကင်းရှင်း စေရမည်။

(၄) ဟောကြားရေးမှာ

(၁) စွမ်းရည်ရှိ၍ ကမ္မဋ္ဌာန်းဌာနဒ္ဒ ဝိပဿနာတရားကို ဟောလျှင် မဟာစည်ဆရာတော်၏ ယူဆဟောပြောပုံအတိုင်း ဒေသနာတော်နှင့်အညီ ဟောပြောရမည်။

(၂) ပြင်ပ တရားပွဲများဌာနမှကား တရားနာ ပုဂ္ဂိုလ်တို့၏ အဇ္ဈာသယကို ထောက်ချင့်၍ သဒ္ဓါပဿန္ဒ ဖြစ်ကြစေခြင်းငှါ သင့်လျော်သလို ဟောပြောနိုင်ခွင့် ရှိပေ၏။ သို့သော် ဝိနည်းတော်နှင့်အညီတည်ကြည်ခံ့ညားသော အသံဖြင့်သာဟောကြားရမည်။

(၃) တရားဟောရာ၌ မယဉ်ကျေးသောဥပမာနှင့် ဟာသကထာတို့ကို ထည့်သွင်း၍ မပြောမိစေရန် အထူးသတိပြုရမည်။ ဟာသကထာကိုကား ယဉ်ကျေးငြားသော်လည်း နည်းပါးနိုင်သမျှနည်းပါးစေရန် သတိပြုရမည်။

(၄) ကမ္မဋ္ဌာန်းဌာနတွင် အားထုတ်နေသော ယောဂီတို့အား တရားစစ်ဆေးမေးမြန်းခြင်း အဆုံးအဖြတ်ပေးခြင်းများကို မပြုရ။

(၅) စာရွက်စာတမ်း ကျမ်းစာအုပ်များကို ပုံနှိပ်ခွင့်ရှိသော မဟာစည် သတိပဋ္ဌာန်အဖွဲ့ဝင် ဆရာတော် တပါးပါးထံမှ ခွင့်ပြုချက်မရှိဘဲ မဟာစည်ဆရာတော်၏ နည်းနိဿယအဖြစ်ဖြင့် ရေးသား၍ ပုံနှိပ်ထုတ်ဝေခြင်း မပြုရ။

(၅) ပြောဆိုရေးမှာ

ကမ္မဋ္ဌာနာစရိယ ရဟန်းတော်များ၏ ပြောဆိုရေး စည်းမျဉ်း ဥပဒေ (၁၄) ပိုဒ်လုံး အတိုင်း လိုက်နာ ကျင့်သုံးရမည်။

(ဆ) ဆက်ဆံရေးမှာ

(၁) လင်္ဂဇီပေသလ သိက္ခာကာမဖြစ်သည်ဟု ယုံကြည်ရသော ပုဂ္ဂိုလ်တိုင်းနှင့် ဖစ္စယသမ္ဘောဂ ဓမ္မသမ္ဘောဂအားဖြင့် ပေါင်းသင်းဆက်ဆံနိုင်ခွင့် ရှိသည်။

(၂) မထေရ်ကြီးများအား ဂါရဝ၊ နိဝါတ ရှေထားရှိခြင်း၊ သမာန၊ နဝကပုဂ္ဂိုလ်တို့အား မေတ္တာ ဂရုဏာ ရှေထားရှိခြင်း၊ နှုးညံ့သိမ်မွေ့သော ကိုယ်အမူအယာ၊ နှုတ်အမူအယာတို့ဖြင့် ပဋိသန္ဓာရဝတ် မချွတ်စေရန် လုံ့လပြုရမည်။

(၃) ဒါယကာ ဒါယိကာမတို့နှင့် ဆက်ဆံရာ၌ ကုလေသုနနုဂိဒ္ဓါ- ဟူသော ဒေသနာတော်နှင့် အညီ၊ ကုလဒူသန အနေသနတို့ကို ဝေးစွာ ရှောင်ကြဉ်၍ သဟာန္ဒီ-သဟာသောက်တို့၏ အကြောင်းဖြစ်သော ဂေဟာသိတပေမဖြင့် ရင်းနှီးစွာ ဆက်ဆံမှု မရှိစေရန် အထူးသတိပြုရမည်။

(၄) ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားအလျောက် ပေးလှူခြင်းမှတပါး ဉာတိ ပဝါရိတ မဟုတ်သော ပုဂ္ဂိုလ်တို့ထံမှ အလှူခံခြင်း အလျင်းမရှိစေရ။

၃။ ယောဂီရဟန်းတော်များအတွက်

စည်းမျဉ်းဥပဒေများ

ဤတွင် ပြည့်စုံပြီ။

၄။ ယောဂီဥပါသကာ ဥပါသိကာမများအတွက် စည်းမျဉ်း ဥပဒေများ

[၁] ကမ္မဋ္ဌာန်းဌာနဌ် တရားအားထုတ်ဆဲ ယောဂီများသည် ကမ္မဋ္ဌာန်းဌာနဆိုင်ရာ စည်းမျဉ်းဥပဒေများကို ဟဒယမတိမ်း လိုက်နာရမည်။

[၂] တရား အားထုတ်ပြီးသော ယောဂီများသည်လည်း မည်သည့်နေရာဌာနဌ် နေထိုင်သည်ဖြစ်စေ တရားတော်နှင့် ဆရာသမားတို့၏ဂုဏ်ကို ယုံကြည်လေးစားသောအားဖြင့် အောက်ပါ ဩဝါဒများကို ရိုသေစွာ လိုက်နာကျင့်သုံးရမည်။

(က) နေထိုင်ရေးမှာ

လောဘ ဒေါသ စသော ကိလေသာတို့၏ အလိုအားဖြင့် ရုန့်ရင်း ကြမ်းတန်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာများ ဆင်ရှား မဖြစ်ပေါ်ရအောင် အမှတ်သတိဖြင့် စောင့်စည်း ထိမ်းသိမ်း၍ နေထိုင်ရမည်။

(ခ) သွားလာရေးမှာ

သူတော်ကောင်းတို့ ကဲ့ရဲ့ စက်ဆုပ်အပ်သော နေရာဌာနများသို့ မသွားမလာမိစေရန် အထူးသတိပြု၍ ရှောင်ကြဉ်ရမည်။

(ဂ) ဟောကြားရေးမှာ

(၁) ဟောစမ်းနိုင်သော ဗဟုဿုတ လုံလောက်စွာ မရှိပါဘဲ လူများစုအား တရားဟောပြောခြင်းကို မပြုရ။

(၂) ဟောနိုင်စမ်းသော ဗဟုဿုတရှိ၍ ဝိပဿနာ တရားကို ဟောပြောခဲ့လျှင် မဟာစည်ဆရာတော်၏ ယူဆဟောပြောပုံ အတိုင်း ဒေသနာတော်နှင့်အညီ ဟောပြောရမည်။

(၃) အားထုတ်ဆဲ ယောဂီတို့အား တရားစစ်မေးခြင်း အဆုံးအဖြတ်ပေးခြင်းများကို မပြုရ။

(၄) စာရွက်စာတမ်း ကျမ်းစာအုပ်များကို "ပုံနှိပ်ခွင့် ရှိသော မဟာစည်သတိပဋ္ဌာန်အဖွဲ့ဝင် ဆရာတော်တပါးပါးထံမှ ခွင့်ပြုချက်မရှိဘဲ" မဟာစည်ဆရာတော်၏ ဝိပဿနာ နည်းနိဿျအဖြစ်ဖြင့် ရေးသား၍ ပုံနှိပ်ထုတ်ဝေခြင်းမပြုရ။

(ဃ) ပြောဆိုရေးမှာ

(၁) ကျောင်းကန်ဘုရားများတွင်ဥပုသ်သီတင်းသီလစောင့် သုံးနေသောအခါ၌ဌင်း၊ ကမ္မဋ္ဌာန်းဌာနတွင် ရောက်ရှိနေသော အခါ၌ဌင်း၊ လောကရေးရာ စကားများကို ပြောဆိုခြင်း နည်းပါးစေရန် အထူးသတိပြုရမည်။

(၂) ကြမ်းတန်းသောစကား၊ ကြိမ်းမောင်းချုပ်ချယ်သော စကား၊ မျက်မှောက်မျက်ကွယ်၌ ကဲ့ရဲ့ရွဲတ်ချသောစကား၊ ဤသို့သော စကားများကို မပြောဆိုမိစေရန် သတိပြုရမည်။

(၃) မိမိကိုယ်ကို ချီးမြှောက်၍ ပြောဆိုခြင်း၊ သူဘုရား တို့အား နှိမ်ချ၍ ပြောဆိုခြင်းများမှ လုံးဝ ရှောင်ကြဉ်ရမည်။ ရဟန်းတော်များအား ကဲ့ရဲ့ပြစ်တင်မိခြင်းမရှိစေရန် အထူးသတိပြု၍စောင့်စည်းရမည်။

(၄) ဝါဒမတူသော ပုဂ္ဂိုလ်များနှင့် တရားငြင်းခုံပြိုင်ဆိုင်ခြင်း အလျင်းမရှိစေရ။

(၅) တရားထူး တရားမြတ် များကို မိမိနှင့် စပ်လျဉ်း၍ အကျိုးမဲ့ ဖေါ်ပြပြောဆိုခြင်း မရှိစေရန် အထူးသတိပြုရမည်။

မှတ်ချက်- အကျိုးမဲ့ ဖေါ်ပြပြောဆိုခြင်း ဟူသည်မှာ သူတပါး၏ အကျိုး၊ သာသနာတော်၏ အကျိုးများအတွက်မဟုတ်ဘဲ

ဗိမိဂုဏ် ထင်ပေါ်ရုံမျှအတွက်သာ ရည်ရွယ်၍ ပြောခြင်းများကို ဆိုလိုသည်။ သို့ဖြစ်၍ ဝိသာခ သုံဥ္ဇေးကြီးကာ မမ္မဒိန္နာ၏ အကျိုးကို ၎င်း၏ တရားထူးကို ပြောကြားခြင်း၊ ထိုအတူ ဥပတိဿ ပရဗိုဇ်က ကောလိတ ပရဗိုဇ်အား ပြောကြားခြင်း၊ ခုဇ္ဇုတ္တရာက သာမာဝတီအား ပြောကြားခြင်း စသည်တို့မှာ အကျိုးရှိသော ပြောခြင်းများဖြစ်သောကြောင့် ထိုပြောဆိုခြင်းမျိုးကို အကျိုးမဲ့ဟူသော ဤစကားဖြင့် မတားမြစ်ဟု မှတ်ရမည်။ တည့်တည့်ပြောရလျှင် သူတပါး၏ အကျိုးကို ၎င်း၏ ဟုတ်မှန်သော တရားထူးကို ပြောကြားခြင်း၊ သာသနာတော် တည်ထွန်းစေရန် သန္ဓိဋ္ဌိက နိယျာနိကဂုဏ် ထင်ရှားစေရန် ပြောကြားခြင်းများကို ဤဥပဒေက မတားမြစ်ဟု ဆိုလို၏။ ဤပြောဆိုခြင်းမျိုးကို တားမြစ်လျှင် သမ္မာဒိဟရယျုံဟူသော ဘုရား၏ စကားတော်ကို တားမြစ်ရာရောက်မည်။ သတိပြုပါကုန်။

(၄) ဆက်ဆံရေးမှာ

(၁) ရဟန်းသံဃာတော်များနှင့် တွေ့ဆုံသောအခါ၌ သံဃဂုဏ်ကို အာရုံပြုလျက် ဥပါသကာဝတ် မချွတ်စေမူ၍ အထူးသဖြင့် ရိုသေလေးစားခြင်း ရှိစေရမည်။

(၂) ရဟန်းသံဃာ ဆရာသမားတို့ကို ဆည်းကပ်ကိုးကွယ်ရာ၌ ဂါဟဿအစွဲ မရှိစေမူ၍ ကြည်ညိုအားကိုး ထိုက်သော သီလ၊ သမာဓိ၊ ပညာဂုဏ် ကျေးဇူးများကိုသာ အာရုံပြုလျက် သဒ္ဓါတရား သက်သက်ဖြင့် သာလျှင် ဆည်းကပ်ကိုးကွယ်နိုင်ရန် သတိသမ္ပဇဉ်၊ ဉာဏ်ယှဉ်စေရမည်။

၄။ ယေဘုယျ ဥပါသကာ၊ ဥပါသိကာမများအတွက် စည်းမျဉ်းဥပဒေများ ဤတွင် ပြည့်စုံပြီ။

၅။ (က) ကမ္ဘာန်းဌာနဆိုင်ရာ စည်းမျဉ်း ဥပဒေများ

(၁) အောက်ထစ်ဆုံးအားဖြင့် ရှစ်ပါးသီလနှင့် ပြည့်စုံ၍ ကြိုးကြိုးစားစားအားထုတ်သောပုဂ္ဂိုလ်များသာလျှင် မဟာစည် သတိပဋ္ဌာန် ကမ္ဘာန်းဌာန များ၌ အားထုတ်နေထိုင်ခွင့် ရှိသည်။

(၂) တာဝန်ဆောင်ပုဂ္ဂိုလ်က ညွှန်ပြချထားသော ကျောင်း ခန်း နေရာ၌သာလျှင် နေထိုင်ရမည်။

(၃) သပွါယမဖြစ်၍ နေရာပြောင်းလိုလျှင် တာဝန်ဆောင် ပုဂ္ဂိုလ်အား ပြောကြား၍ ၎င်းက ညွှန်ပြထားသော နေရာ၌ ရွှေ့ပြောင်းနေထိုင်ခွင့်ရှိသည်။

(၄) အကြောင်းထူးရှိ၍ နေရာရွှေ့ပြောင်းရန် တာဝန်ခံ ပုဂ္ဂိုလ်ကညွှန်ကြားလာလျှင် မည်သည့်ယောဂီ မဆို အချိန်မရွေး ဝန်မလေးဘဲ ရွှေ့ပြောင်းပေးနိုင်ရမည်။

(၅) ယောဂီသစ်အဖြစ်ဖြင့် နေထိုင်ခွင့်ရသောကာလအပိုင်း အခြားမှာ ဉာဏ်စဉ်တရားနာပြီးသည့်နောက် (၇)ရက်အထိ သို့မဟုတ် ကြိုးကြိုးစားစား အားထုတ်ပါလျက် တရားမပြည့်စုံ သေးသောသူမှာ (၂)လအထိ ဤမျှသာရှိသည်ဟု မှတ်ယူရမည်။ ဤအခွင့်ကာလ ကုန်လွန်ပြီးသော ယောဂီမှာ အားလပ်သော နေရာရှိသေးလျှင် ၎င်းနေရာ၌ ယောဂီဟောင်းများနည်းတူပင် ဆက်လက်၍ နေထိုင်ခွင့် ထပ်မံတောင်းယူရမည်။

ရတနာသီရိ ၃၃-၄ [ဒုတိယအကြိမ်]

ခြင်္ဂါချက်-တရားပြည့်စုံရန် နိုးကပ်နေသော ယောဂီအား နေထိုင်ခွင့် ရက်ပိုများ ထပ်မံ၍ ရရှိစေရမည်။ ဝါကပ်နေသော ရဟန်းတော်များမှာ ဝါကျွတ်ပြီးသည်တိုင်အောင် နေထိုင်ခွင့် ရှိစေရမည်။ ကမ္မဋ္ဌာန်းဌာနအတွက် ကျေးဇူးများသော ပုဂ္ဂိုလ်များအား သင့်လျော်သောနေရာ၌ အထူးနေထိုင်ခွင့် ရရှိစေရမည်။

(၆) ထင်း, အိုး, ခွက် စသည်တို့ကို ရှုပ်ထွေးစွာမထားရ၊ တိုက်ခန်းတွင်း၌ ချက်ပြုတ်ခြင်းကို မပြုရ၊ နေရာဌာန၏ သန့်ရှင်းစင်ကြယ်ရေးကို အလေးပြုရမည်။

(၇) အရေးကြီးသော အကြောင်းထူးမရှိဘဲ စကားပြော ဆိုနေခြင်း မရှိစေရ၊ မပြောလျှင်မဖြစ်၍ ပြောရပါမူ သူတပါး၏ သမာဓိအန္တရာယ်မဖြစ်အောင် တိုးတိုးသာသာ ပြောရမည်။ သို့သော် ကြာရှည်စွာကား ပြောဆိုမနေရ၊ ကြာရှည်စွာပြောရန် ရှိလျှင် ကမ္မဋ္ဌာန်းကျောင်းမှ ဝေးရာသို့သွား၍ ပြောရမည်။

(၈) ညှော်သည်များကို ကြာရှည်စွာ ညှော်ခံစကားပြောခြင်းမှာ ညှော်ခံဌာနတွင်သာ ဖြစ်စေရမည်။

(၉) ညှဉ်အိပ် ညှဉ်နေ တည်းခိုနေလိုသော အသိမိတ်ဆွေ ညှော်သည်များ ရောက်လာလျှင် နာယက ဆရာတော် ထံမှာ လျှောက်ထားပန်ကြားရမည်။

(၁၀) သူတပါး၏ သမာဓိပျက်လောက်အောင် အသံမြည်စေသော အပြုအမူများကို မပြုမလုပ်ရ၊ အော်ဟစ်ဆိုးအား ဖြင့် အသံထုတ်လျက် တရားစာပေ ရွတ်ဆိုခြင်းကိုသော်လည်း မပြုရ။

(၁၁) သတင်းစာကြည့်ခြင်း၊ စာအုပ်စာတမ်း ကျမ်းစာအုပ်များကို ကြည့်ရှုခြင်း၊ ရှုတဲ့ဘတ်သရုပ်ပြောယ်ခြင်းများကိုလည်း မပြုရ။

(၁၂) အကြောင်းမဲ့ လှည့်လည်သွားလာနေခြင်း မရှိစေရ၊ အထူးအားဖြင့် ဝိသဘာဂဖြစ်သော ယောဂီ ယောဂိမတို့၏ နေ့ဥဒ္ဒါနသို့ လုံလောက်သော အကြောင်းကိစ္စမရှိဘဲ သွားရောက်ခြင်းနှင့် ဝိုင်းဖွဲ့၍ စကားပြောဆိုနေခြင်းများကို အပြစ်အကြီးဆုံးဟု မှတ်ယူကြရမည်။

(၁၃) အားထုတ်ဆဲယောဂိအသစ်များသည် သတ်မှတ်ထားသော အချိန်တွင် ကမ္မဋ္ဌာန်းစစ်မေးရာဌာနသို့လာရောက်ကြပြီး လျှင် မိမိ၏ အားထုတ်ပုံ၊ တွေ့သိပုံများကို လျှောက်ကြားလျက် ဩဝါဒတရားကို နှစ်ဥနာယူရမည်။

(၁၄) အထူး လေးစားရမည့် အချိန်မှာ....နှေ့(၁၂)နာရီမှ နံနက် (၅)နာရီအထိဖြစ်သည်။ ဤအချိန်များမှာ စားဝသောက်မှု စသော ကိစ္စဗျာပါဒမရှိသဖြင့် လွတ်လွတ်လပ်လပ် အားထုတ်ခွင့်ရသည့် အကောင်းဆုံးအချိန်များ ဖြစ်သည်။ သို့ဖြစ်၍ ဤအချိန်များအတွင်းမှာ အိပ်ပျော်နေသော လေးငါးခြောက်နာရီ မှတပါး မနေမနား အထူးသဖြင့် ကြိုးစားအားထုတ်ရမည်။ အကြောင်းကိစ္စရှိသော်လည်း သူတပါး၏ အားထုတ်မှု ပျက်လောက်အောင် မည်သည့် အပြုအမူမျိုးကိုမျှ မပြုမိစေရန် အထူးသတိထားရမည်။

၅။(ခ) ရဟန်းတော်များ အတွက် ဌာနဆိုင်ရာ သီးခြားဥပဒေများ

(၁) တခြားတပါးသို့ သွားရန်ကိစ္စ ရှိလျှင် နာယက ဆရာတော်ထံ၌ ပန်ကြားရ၍ သွားရမည်။

(၂) သေနာသန အသုံးအဆောင်များကို ကိုယ်ပိုင်ပစ္စည်း ကဲ့သို့ပင် ရိုသေစွာ သုံးဆောင်ရမည်။

(၃) သံဃာလုံးလောက်လျှင် လပြည့်, လကွယ်နေ့တိုင်း သံဃ ဥပုသ် ပြုကြရမည်။

(၄) ဝတ်ရုံ စားသောက်မှု၊ သွားလာနေထိုင်မှု များများ ပါသာဒိက ဖြစ်စေရမည်။

(၅) ပိဏ္ဍပါတ် ကျင့်ဝတ်ဖြင့် မျှတနေထိုင်ရမည်။ သို့သော် ဒါယကာရှိလျှင် ၎င်းဒါယကာ၏ ဆွမ်းဖြင့်လည်း မျှတနေထိုင်ခွင့် ရှိသေး၏။

(၆) ယောဂီမတို့ထံ၌ ဆွမ်းခံခြင်းသည် ၎င်းတို့အား ပလိ-ဗောဓဖြစ်စေလျက် အနှောက်အယှက်ပေးရာရောက်သည်။ သို့ဖြစ်၍ ၎င်းတို့၏နေရာ ကမ္မဋ္ဌာန်းကျောင်းသို့ သွားရောက်၍ ဆွမ်းခံခြင်း မရှိစေရ၊ ယောဂီမတို့က သင့်လျော်သောနေရာသို့ လာရောက်၍လောင်းလှူသောဆွမ်းကိုကား အလှူခံနိုင်ခွင့်ရှိသည်ပင်။

(၇) ယောဂီဟော်ဘောင်းများနှင့် သင်တန်း ပုဂ္ဂိုလ်များမှာ နေ့စဉ်ညဉ့်ဦး (၇)နာရီခန့် အချိန်၌ အညီအညွတ် စည်းဝေး၍ ဘုရားဝတ်တက်ခြင်း သြဝါဒ ဓမ္မကထာများကို ပြောဟောခြင်း၊

နာကြားခြင်းမျှားရှိစေရမည်။ နံနက်ခင်းဦလည်း အရုဏ်မတက်မီ စောစောထ၍ ဘုရားဝတ်ပြုခြင်း၊ တရားနှလုံးသွင်းခြင်းမျှား မချွတ်ယွင်းစေရန် သတိပြုရမည်။

မှတ်ချက်-ဌာနဆိုင်ရာ ဤဥပဒေ(၂)ရပ်တွင် ဒေါ်မိုးတို့၏ ဌာနအား လျော်စွာ ဖြည့်စွက်နှုတ်ပယ် ပြင်ဆင်နိုင်ခွင့်ရှိသည်။

၅။ ကမ္မဋ္ဌာန်းဌာနဆိုင်ရာ စည်းမျဉ်းဥပဒေများ ဤတွင် ပြည့်စုံပြီ။

မဟာစည် သတိပဋ္ဌာန် အပ္ပဲလုံးဆိုင်ရာ စည်းမျဉ်းဥပဒေများ ဤတွင် ပြည့်စုံပြီ။

မဟာစည်သတိပဋ္ဌာန်အဖွဲ့ဝင်
ပဓာနကမ္မဋ္ဌာနာစရိယများနှင့်တကွ
အရှင်ဇေသဘနံ
မဟာစည်ဆရာတော်
သာသနဇုရိပ်သာ
ရန်ကုန်မြို့။

၁၃၁၄-ခု။ ဝါခေါင်လဆုတ် (၂)ရက်နေ့။ ၇-၈-၅၂။

